# လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေချိန်တွင် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်းကို လက်တွေ့ဆောင်ရွက်ရန်အတွက် စည်းမျဉ်းများ ၁၉၅၄ ခုနှစ်

ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများသည် မကြာသေးမီက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေစဉ် အတောအတွင်းတွင် ယဉ်ကျေးမှုပစ္စည်းအများပြား ထိခိုက်ပျက်ဆီးမှု ဖြစ်ပွားခဲ့ကြောင်းနှင့် စစ်မဲ့တိုက်ခိုက်သည့် နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ယဉ်ကျေးမှု ပစ္စည်းများမှာ ပျက်ဆီးမည့်အန္တရာယ် တိုးတက်များပြားနေကြောင်း **အသိအမှတ်ပြုလျက်**

လူမျိုးအားလုံးသည် ကမ္ဘာ့ယဉ်ကျေးမှုတွင် ပါဝင်ခြင်းကြောင့် မည်သည့် ပြည်သူလူထု နှင့် မဆို သက်ဆိုင်သော ယဉ်ကျေးမှုပစ္စည်းများ ထိခိုက်ပျက်ဆီးမှုသည် လူသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်ပျက်စီးမှုပင်ဖြစ်ကြောင်း **ယုံကြည်လျက်**

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကမ္ဘာပေါ်ရှိ လူမျိုး အားလုံးအတွက် အလွန်အရေးပါကြောင်းနှင့် ဤယဉ်ကျေးမှုအမွေအနှစ်ကို နိုင်ငံတကာ ကာကွယ် စောင့်ရှောက်မှုပေးရန် အရေးကြီးကြောင်း **ထည့်သွင်းစဉ်းစားလျက်**

၁၈၉၉ နှင့် ၁၉၀၇ ခုနှစ် ဟေ့ဂ်ကွန်ဗင်းရှင်းများ၊ ၁၉၃၅ ခုနှစ် ဧပြီလ ( ၁၅ ) ရက်နေ့တွင် ချုပ်ဆိုခဲ့သော ဝါရှင်တန်စာချုပ်တို့တွင် ပြဋ္ဌာန်းထားသည့် လက်နက်ကိုင် ပဋိပက္ခအတော အတွင်းတွင် ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာမှုများကို **လမ်းညွှန်အဖြစ် ခံယူလျက်**

ယင်းသို့သော ကာကွယ်စောင့်ရှောက်မှုကို ငြိမ်းချမ်းရေးရရှိနေစဉ်ကာလအတွင်းတွင် စုစည်းဆောင်ရွက်ရန်အတွက် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် အစီအမံများ ( ၂ ) ရပ် စလုံးကို လုပ်ဆောင် ခြင်းမပြုပါက ယင်းသို့သော ကာကွယ်စောင့်ရှောက်မှုမှာ ထိရောက်မှုမရှိနိုင်ဟု **ထင်မြင်ယူဆလျက်**

ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်နိုင်သမျှ လုပ်ငန်းများ အားလုံးကို ဆောင်ရွက်ရန် **သန္နိဋ္ဌာန်ပြုလျက်**

အောက်ဖော်ပြပါ သတ်မှတ်ချက်များကို သဘောတူညီကြပါသည် –

## အခန်း ( ၁ ) ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထွေထွေပြဋ္ဌာန်းချက်များ

### အပိုဒ် ( ၁ ) ယဉ်ကျေးမှုပစ္စည်းကို အဓိပ္ပါယ်ဖော်ပြချက်

ယခု ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များအတွက် ယဉ်ကျေးမှုပစ္စည်းဟူသော ဝေါဟာရတွင် ဇစ်မြစ် (သို့မဟုတ်) ပိုင်ဆိုင်မှု မည်သို့ပင်ရှိစေကာမူ အောက်ပါ တို့ပါဝင်စေရမည် –

(၁) မည်သည့်လူမျိုးအတွက်မဆို ယဉ်ကျေးမှုအမွေအနှစ်အတွက် အလွန် အရေးကြီးသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် ရွှေ့ပြောင်းခြင်းမပြုနိုင်သော ပစ္စည်း ဥပမာ – ဗိသုကာ (သို့မဟုတ်) လောကီဆိုင်ရာ ဗိသုကာ အဆောက်အဦများ ရှေးဟောင်းနယ်မြေများရှိ အဆောက်အဦများ၊ အဆိုပါ သတ်မှတ်ထားသော ယဉ်ကျေးမှုပစ္စည်းကို ပုံတူကူးခြင်းများ၊ မော်ကွန်းတင်ခြင်းများ၊ သိပ္ပံဆိုင်ရာ စုဆောင်းမှုများ၊ အရေးကြီးသော စာအုပ်စာတမ်းများ

(၂) အပိုဒ်ခွဲ ( ၁ )တွင် သတ်မှတ်ဖော်ပြထားသော ရွှေ့ပြောင်းနိုင်သည့် ယဉ်ကျေးမှုပစ္စည်းများကို ထိန်းသိမ်းပြသနိုင်သည့် ထိရောက်၍ အဓိကရည်ရွယ်ထားသော အဆောက်အဦများ

(၃) ''အထိမ်းအမှတ်များ ထားရှိရာ ဗဟိုဌာနများ'' ဟု သိရှိနိုင်မည့် အပိုဒ်ခွဲ (၁)နှင့် (၂)တို့တွင် သတ်မှတ်ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်းများ အများအပြားထားရှိရာ ဗဟိုဌာနများ

### အပိုဒ် ( ၂ ) ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်ခြင်း

ယခု ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များအတွက် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်ခြင်းသည် အဆိုပါပစ္စည်းများအတွက် လေးစားမှုနှင့် စောင့်ရှောက်မှုတို့ပါ ပါဝင်ရမည်။

### အပိုဒ် ( ၃ ) ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် မိမိတို့ပိုင်နက်နယ်မြေဒေသအတွင်း တည်ရှိသော ယဉ်ကျေးမှုပစ္စည်းများကို ကြိုတင်မျှော်မှန်းနိုင်သော လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများမှ သင့်တင့်လျောက်ပတ်သည်ဟု ၎င်းတို့ယူဆသော အစီအမံများ ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ငြိမ်းချမ်းသော အချိန်ကာလတွင် ကြိုတင်ပြင်ဆင်ရန် တာဝန်ယူရမည်။

## အပိုဒ် ( ၄ ) ယဉ်ကျေးမှုပစ္စည်းများကို အလေးဂရုပြုခြင်း

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် မိမိတို့ပိုင်နက်နယ်မြေအတွင်းတွင် တည်ရှိသော ယဉ်ကျေးမှုပစ္စည်းများ အခြားသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများ၏ ပိုင်နက်နယ်မြေ အတွင်းတည်ရှိသော ယဉ်ကျေးမှုပစ္စည်းများကို အလေးဂရုပြုရန် တာဝန်ယူရမည်။ ယင်းသို့အလေး ဂရုပြုရာ၌ ယင်းယဉ်ကျေးမှုပစ္စည်းကို လည်းကောင်း၊ ယင်းယဉ်ကျေးမှုပစ္စည်းအနီး ပတ်ဝန်းကျင်ကိုလည်းကောင်း၊ (သို့မဟုတ်) ယင်းယဉ်ကျေးမှု ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် အသုံးပြုသော ပစ္စည်းကိရိယာများကိုလည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသော အခါတွင် ပျက်စီးမှု၊ ထိခိုက်မှုတို့ဖြစ်စေနိုင်သည့် အသုံးပြုမှုမျိုး မဟုတ်ဘဲ ရှောင်ကြဉ်ရန်နှင့် ယင်းသို့သော ယဉ်ကျေးမှုပစ္စည်းကို တိုက်ခိုက်မှု တစ်စုံတစ်ရာ မပြုရန် တာဝန်ယူရမည်။

(၂) ယခုအပိုဒ် စာပိုဒ် ( ၁ )တွင် ဖော်ပြထားသော ဆောင်ရွက်ရန်တာဝန်များကို စစ်ရေးအရ လိုအပ်ချက်ကြောင့် မဖြစ်မနေပယ်ဖျက်ရမည်ဆိုမှသာလျှင် ယင်းသို့သော ဖြစ်ရပ်များတွင်သာ ပယ်ဖျက်နိုင်သည်။

(၃) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ယဉ်ကျေးမှုပစ္စည်းများကို ခိုးယူခြင်း၊ လုယက်ဖျက်ဆီးခြင်း သို့မဟုတ် အလွဲသုံးခြင်း မည်သည့်အသွင်သဏ္ဌာန်ကိုမဆို လည်းကောင်း၊ ယဉ်ကျေးမှုပစ္စည်းများကို ဖျက်ဆီးမှုလုပ်ရပ် မည်သည့် လုပ်ရပ်ကို မဆိုလည်းကောင်း တားမြစ်ရန်၊ တားဆီးကာကွယ်ရန်နှင့် လိုအပ်ပါက ရပ်တန့်စေရန် ထပ်မံ၍ တာဝန်ယူရမည်။ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် အခြားသော ကွန်ဗင်းရှင်းဝင် နိုင်ငံကြီး ( ၁ )နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း တည်ရှိသော ရွှေ့ပြောင်းနိုင်သည့် ယဉ်ကျေးမှုပိုင်ဆိုင်ပစ္စည်းကို လာရောက်ပေးပို့ရန်ဆင့်ဆိုခြင်း အမိန့်အာဏာအသုံးပြု၍ တောင်းခံခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၄) ယဉ်ကျေးမှုပစ္စည်းများကို လက်တုံ့ပြန်သည့်အနေဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၅) မည်သည့် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးမဆို ယခုအပိုဒ်အရ ဆောင်ရွက်ရမည့် တာဝန်များကို အခြားသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံနှင့် စပ်လျဉ်း၍ ယင်းနိုင်ငံက အပိုဒ် ( ၃ ) တွင် ရည်ညွှန်းဖော်ပြထားသော ကာကွယ်စောင့်ရှောက်ရေး အစီအမံများကို ကျင့်သုံးခြင်း မပြုဟူသော အကြောင်းကြောင့် ရှောင်လွှဲခြင်း မပြုနိုင်ပါ။

**အပိုဒ် ( ၅ ) သိမ်းပိုက်ခြင်း**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံသည် အခြားသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သိမ်းပိုက်ထားပါက သိမ်းပိုက်ခံနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အမျိုးသားအဆင့် အာဏာပိုင်များအား ၎င်းနိုင်ငံ၏ ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ရန်နှင့် ထိန်းသိမ်းရန် တတ်နိုင်သမျှ ပံ့ပိုးမှုပေးရမည်။

(၂) သိမ်းပိုက်ခံနယ်မြေအတွင်းတည်ရှိပြီး စစ်ဆင်ရေးများကြောင့် ထိခိုက်ပျက်ဆီးသော ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ရန် အစီအမံများ ဆောင်ရွက်ရန် လိုအပ်သည်ဟု တွေ့ရှိရပါက ယင်းသို့သော အစီအမံများကို လုပ်ပိုင်ခွင့်ရှိသော အမျိုးသားအဆင့် အာဏာပိုင်များက မဆောင်ရွက်နိုင်လျှင် သိမ်းပိုက်သောနိုင်ငံသည် တတ်နိုင်သမျှ ယင်းအာဏာပိုင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် အလိုအပ်ဆုံးသော ကာကွယ်ထိန်းသိမ်းရေး အစီအမံများကို လုပ်ဆောင်ရမည်။

(၃) တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများက မိမိတို့၏ တရားဝင်အစိုးရဟု ယူဆသော မည်သည့်ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးမဆို ဖြစ်နိုင်ပါက ယဉ်ကျေးမှုပစ္စည်းများနှင့် စပ်လျဉ်း၍ ဖော်ပြထားသော ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များကို လိုက်နာရန် တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများအား တာဝန်ရှိကြောင်း သတိပြုစေရမည်။

**အပိုဒ် (၆) ယဉ်ကျေးမှုပစ္စည်းများကို ထင်ရှားသိသာသော အမှတ်အသား သင်္ကေတပြုလုပ်ခြင်း**

အပိုဒ် ( ၁၆ )ပါ သတ်မှတ်ချက်များနှင့်အညီ ယဉ်ကျေးမှုပစ္စည်းတွင် အလွယ်တကူ မှတ်မိသိရှိနိုင်စေရေးအတွက် သိသာထင်ရှားသော အမှတ်အသားများ ပြုလုပ်ထားရှိနိုင်သည်။

**အပိုဒ် ( ၇ ) စစ်ဘက်ရေးရာ အစီအမံများ**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ငြိမ်းချမ်းသောကာလအတွင်းတွင် မိမိတို့၏ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းများ (သို့မဟုတ်) ညွှန်ကြားချက်များအတွင်းသို့ ယခုကွန်ဗင်းရှင်းကို လိုက်နာစေရန် သတ်မှတ်ချက်များ ထည့်သွင်းရန်နှင့် မိမိတို့၏

လက်နက်ကိုင် တပ်ဖွဲ့ဝင်များတွင် လူမျိုးအားလုံး၏ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုပစ္စည်းများကို လေးစားသောစိတ်ဓာတ် ပျိုးထောင်ပေးရန် တာဝန်ယူရမည်။

(၂) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ငြိမ်းချမ်းသောကာလတွင် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ၊ ဝန်ဆောင်မှုလုပ်ငန်းများ (သို့မဟုတ်) အထူးပြုဝန်ထမ်းများအကြားတွင် ယဉ်ကျေးမှုပစ္စည်းများကို အလေးဂရုပြုမှုရှိစေရေးနှင့် အရပ်ဘက် ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူရသော အရပ်ဘက်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရမည် (သို့မဟုတ်) ချမှတ်ဆောင်ရွက်ရမည်။

## အခန်း ( ၂ ) အထူးကာကွယ်စောင့်ရှောက်မှု

### အပိုဒ် ( ၈ ) အထူးကာကွယ်စောင့်ရှောက်မှု ပြုလုပ်ပေးခြင်း

(၁) လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသောအခါတွင် ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သော ထိန်းသိမ်းခိုလှုံရာနေရာများ၊ အထိမ်းအမှတ်ပစ္စည်းများ ထားရှိရာဗဟိုဌာနများနှင့် အထူးအရေးကြီးသော ရွှေ့ပြောင်းခြင်း မပြုနိုင်သည့် အခြားယဉ်ကျေးမှုပစ္စည်းများ ထားရှိရာဗဟိုဌာနများကို အရေအတွက် အကန့်အသတ်ဖြင့် အထူးကာကွယ်စောင့်ရှောက်မှုပေးနိုင်သည်။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီစေရမည် –

(က) လေယာဉ်ကွင်း၊ အသံလွှင့်ရုံ၊ အမျိုးသားကာကွယ်ရေးဌာန (သို့မဟုတ်) နိုင်းယှဉ်လျှင်အရေးပါသော ဆိပ်ကမ်း (သို့မဟုတ်) ရထားဘူတာ (သို့မဟုတ်) အဓိကဆက်သွယ်ရေးလမ်းကြောင်းကဲ့သို့ သောကြီးမားသော စက်မှုလုပ်ငန်းဗဟိုဌာန (သို့မဟုတ်) အန္တရာယ်ကျရောက်လွယ်သောနေရာ ဖြစ်နိုင်သည့် အရေးပါသော စစ်ဘက်ပစ်မှတ်တို့မှ လုံလောက်သော အကွာအဝေး၌တည်ရှိရမည်။

(ခ) စစ်ဘက်ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်း မဖြစ်စေရပါ။

(၂) ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်းထားရှိရာ နေရာ တစ်ခုသည် မည်သည့်နေရာတွင် တည်ရှိသည်ဖြစ်စေ ဗုံးကျခြင်းကြောင့် ထိခိုက်ပျက်ဆီးမှု မဖြစ်စေရန် တည်ဆောက်ထားပါက အထူးကာကွယ်စောင့်ရှောက်မှု ပေးနိုင်သည်။

(၃) အထိမ်းအမှတ်ပစ္စည်းများထားရှိသော ဗဟိုဌာနတစ်ခုကို စစ်ဘက်ဝန်ထမ်းများ (သို့မဟုတ်) ပစ္စည်းများ ဖြတ်သန်းသွားလာရန်အတွက်ပင်ဖြစ်စေ ရွှေ့ပြောင်းသွားလာခြင်းအတွက် အသုံးပြုသည့်အခါ၌ စစ်ဘက်ရည်ရွယ်ချက်များအတွက် အသုံးပြုသည်ဟု ယူဆရမည်။ စစ်ဘက်စစ်ဆင်ရေးများ တပ်မတော်သားများ စခန်းချထားခြင်း (သို့မဟုတ်) စစ်သုံးပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ဗဟိုဌာန အတွင်း ဆောင်ရွက်သော အခါတွင် ယင်းလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည့်အခါတိုင်း အလားတူပင် ယူဆရမည်။

(၄) အထက်ဖော်ပြပါ စာပိုဒ် ( ၁ )တွင် ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အထူး လုပ်ပိုင်ခွင့်အပ်နှင်းထားသော လက်နက်ကိုင် ကာကွယ်စောင့် ရှောက်သူများက ကာကွယ်စောင့်ရှောက်ခြင်း (သို့မဟုတ်) ယင်းသို့သော ယဉ်ကျေးမှုပစ္စည်း အနီးနားတစ်ဝိုက်တွင် အများပြည်သူ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရန် သာမန်အားဖြင့် တာဝန်ယူရသော ရဲတပ်ဖွဲ့ဝင်များရှိနေခြင်းကို စစ်ဘက်ရည်ရွယ်ချက်များအတွက် အသုံးချရသည်ဟု မယူဆရပါ။

(၅) ယခုအပိုဒ် စာပိုဒ် ( ၁ )တွင် ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်း တစ်စုံတစ်ရာသည် အထက်ဖော်ပြပါစာပိုဒ်တွင် သတ်မှတ်ဖော်ပြထားသည့် အရေးပါသော စစ်ဘက်ဦးတည်ချက် စစ်ဘက်ပစ်မှတ်အနီးတွင် တည်ရှိနေပါသော် လည်း ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးက ယင်းယဉ်ကျေးမှုပစ္စည်းကို အထူးကာကွယ်စောင့်ရှောက်မှု ပေးပါရန် မေတ္တာရပ်ခံပြီး လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလာပါက ယင်းပစ်မှတ်စစ်ရေးဦးတည်ချက်ကို အသုံးမပြုရန်နှင့် အထူးသဖြင့် ဆိပ်ကမ်း (သို့မဟုတ်) ရထားဘူတာ (သို့မဟုတ်) လေဆိပ်ဖြစ်ပါက ယင်းနေရာဌာနမှ ယာဉ်အသွားအလာအားလုံးကို လွှဲပြောင်းပေးရန် တာဝန်ယူပါက ယင်းယဉ်ကျေးမှုပစ္စည်းအား အထူးကာကွယ်စောင့်ရှောက်မှု ပေးအပ်နိုင်သည်။ ယင်းသို့ပေးအပ်ရာ၌ ယာဉ်အသွားအလာများကို လွှဲပြောင်းခြင်းအား ငြိမ်းချမ်းသော အချိန်ကာလတွင် ကြိုတင်စီစဉ်ထားရမည်။

(၆) ယဉ်ကျေးမှုပစ္စည်းကို အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော ယဉ်ကျေးမှုပစ္စည်းများ နိုင်ငံတကာ မှတ်တမ်းတွင် ရေးသွင်းခြင်းအားဖြင့် အထူးကာကွယ်စောင့်ရှောက်မှုပေးရမည်။ ဤသို့ရေးသွင်းခြင်းအား ယခုကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကွန်ဗင်းရှင်းကို လက်တွေ့ကျင့်သုံးခြင်းအတွက် စည်းမျဉ်းများတွင် သတ်မှတ်ပေးထားသည့် သတ်မှတ်ချက်များအရသာလျှင် ယခုကဲ့သို့ ရေးသွင်းရန်ဖြစ်သည်။

**အပိုဒ် ( ၉ ) အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော ယဉ်ကျေးမှုပစ္စည်းများအား ကင်းလွတ်ခွင့်ပြုခြင်း**

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော ယဉ်ကျေးမှုပစ္စည်းများအား နိုင်ငံတကာမှတ်တမ်းတွင် ရေးသွင်းမည့်အချိန်မှစ၍ တိုက်ခိုက်မှုတစ်စုံတစ်ရာ မပြုလုပ်ခြင်းအားဖြင့်လည်းကောင်း၊ အပိုဒ် ( ၈ )စာပိုဒ် ( ၉ ) တွင် သတ်မှတ်ထားသော ဖြစ်ရပ်များမှလွဲ၍ ယင်းသို့သောပစ္စည်း (သို့မဟုတ်) အနီးပတ်ဝန်းကျင်ကို စစ်ဘက်ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့်လည်းကောင်း၊ အထူးကာကွယ်စောင့်ရှောက်ထားသော ယဉ်ကျေးမှုပစ္စည်းအား ကင်းလွတ်ခွင့်ပြုရန် တာဝန်ယူရမည်။

**အပိုဒ် ( ၁၀ ) ဖော်ထုတ်ခြင်းနှင့်ထိန်းချုပ်ခြင်း**

လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် အထူးကာကွယ်စောင့်ရှောက်ထားသော ယဉ်ကျေးမှုပစ္စည်းကို အပိုဒ် ( ၁၆ ) တွင်ဖော်ပြထားသော ထူးခြားသည့်အထိမ်းအမှတ်သင်္ကေတဖြင့် မှတ်သားထားရှိ ရမည်။ ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော နိုင်ငံတကာထိန်းချုပ်မှုကို ခံယူရမည်။

**အပိုဒ် ( ၁၁ ) ကင်းလွတ်ခွင့်ကို ရုပ်သိမ်းခြင်း**

(၁) ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်ငံသည် အထူးကာကွယ်စောင့်ရှောက်ထားသော ယဉ်ကျေးမှုပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်း၍ အပိုဒ် ( ၉ ) ပါတာဝန်များကို ချိုးဖောက်မှုကျူးလွန်ခဲ့လျှင် ဆန့်ကျင်ဖက် ကွန်ဗင်းရှင်းဝင်နိုင်ငံသည် ချိုးဖောက်မှု ရှိနေသမျှကာလပတ်လုံး သက်ဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းကို ကင်းလွတ်ခွင့်ပေးရေးဆောင်ရွက်ရမည့်တာဝန်မှ ကင်းလွတ်စေရမည်။ သို့ရာတွင် ဖြစ်နိုင်ပါက ယင်းဆန့်ကျင်ဖက် ကွန်ဗင်းရှင်းဝင် နိုင်ငံသည် ထိုက်သင့်သောအချိန်ကာလအတွင်းတွင် ယင်းသို့သော ချိုးဖောက်မှုကို ရပ်တန့်စေရန်အတွက် ဦးစွာမေတ္တာရပ်ခံရမည်။

(၂) ယခုအပိုဒ် စာပိုဒ် ( ၁ ) တွင် သတ်မှတ်ဖော်ပြထားသော ဖြစ်ရပ်မှလွဲ၍ အထူးကာကွယ် စောင့်ရှောက်မှုပေးထားသော ယဉ်ကျေးမှုပစ္စည်းအား ကင်းလွတ်ခွင့်ကို ရှောင်လွှဲမရ နိုင်သော စစ်ရေးအရ လိုအပ်ချက်ရှိသည့် ခြွင်းချက်ပြုရသော ဖြစ်ရပ်များအတွင်းသာလျှင် ယင်းစစ်ရေး လိုအပ်ချက် ဆက်လက်ရှိနေသည့် အချိန်ကာလအတွက် ရုပ်သိမ်းထားနိုင်သည်။ ယင်းသို့သော လိုအပ်ချက်ကို တပ်မ (သို့မဟုတ်) တပ်မထက်ကြီးမားသော အရွယ်အစားရှိသည့် တပ်ဖွဲ့ကို

အုပ်ချုပ်သော တပ်မှူးကသာလျှင် သတ်မှတ်ဆုံးဖြတ်နိုင်သည်။ အခြေအနေအရ ဆောင်ရွက်နိုင်သည်ဆိုပါက ကွန်ဗင်းရှင်းဝင် ဆန့်ကျင်ဖက်နိုင်ငံအား ထိုက်သင့်သော အချိန်ကာလတစ်ခုကြိုတင်၍ ကင်းလွတ်ခွင့်ရုပ်သိမ်းရန် ဆုံးဖြတ်ကြောင်း အသိပေးအကြောင်းကြားရမည်။

(၃) ကင်းလွတ်ခွင့်ရုတ်သိမ်းသော ကွန်ဗင်းရှင်းဝင်နိုင်ငံသည် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရန်အတွက် စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြ ထားသော ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ်အား စာဖြင့်ရေးသားလျက် အကြောင်းရင်းကို ဖော်ပြပြီး အသိပေး အကြောင်းကြားရမည်။

<u>**အခန်း ( ၃ ) ယဉ်ကျေးမှုပစ္စည်းကို သယ်ယူပို့ဆောင်ခြင်း**</u>

**အပိုဒ် ( ၁၂ ) အထူးကာကွယ်စောင့်ရှောက်လျက် သယ်ယူပို့ဆောင်ခြင်း**

(၁) ပိုင်နက်နယ်မြေတစ်ခုအတွင်းတွင် (သို့မဟုတ်) အခြားပိုင်နက်နယ်မြေတစ်ခု အတွင်းတွင် ယဉ်ကျေးမှုပစ္စည်းကို ရွှေ့ပြောင်းရန်အတွက် သီးသန့်အသုံးပြုသော သယ်ယူပို့ဆောင်မှုကို သက်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး၏ မေတ္တာရပ်ခံချက်ဖြင့် ကွန်ဗင်းရှင်းကို လိုက်နာ ဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ အထူးကာကွယ် စောင့်ရှောက်မှုပေးလျက် ဆောင်ရွက်စေရမည်။

(၂) အထူးကာကွယ်စောင့်ရှောက်မှုဖြင့် သယ်ယူပို့ဆောင်ခြင်းအား အထက်ဖော်ပြပါ စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော နိုင်ငံတကာကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည်။ အပိုဒ် ( ၁၆ ) တွင်ဖော်ပြထားသော ထူးခြားသည့်အထိမ်းအမှတ်သင်္ကေတကို ဖော်ပြရမည်။

(၃) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် အထူးကာကွယ်စောင့်ရှောက်မှုဖြင့် သယ်ယူပို့ဆောင်မှု အား တိုက်ခိုက်မှုတစ်စုံတစ်ရာ မပြုဘဲ ရှောင်ကြဉ်ရမည်။

**အပိုဒ် ( ၁၃ ) အရေးပေါ်အခြေအနေများတွင် သယ်ယူပို့ဆောင်ခြင်း**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံသည် ယဉ်ကျေးမှုပစ္စည်းတစ်ရပ်ရပ် အန္တရာယ်ကင်းရှင်း ရေးအတွက် ရွှေ့ပြောင်းရန်လိုအပ်ပြီးရွှေ့ပြောင်းရန်ကိစ္စမှာ အထူးအရေးကြီးခြင်း ကြောင့် အပိုဒ် ( ၁၂ ) တွင် သတ်မှတ်ထားသော

လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်လျှင် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခ အစပိုင်းတွင်ဖြစ်ပါက သယ်ယူပို့ဆောင်ရာ၌ အပိုဒ် ( ၁၆ )တွင် ဖော်ပြထားသော ထူးခြားသည့် အထိမ်းအမှတ်သင်္ကေတကို ဖော်ပြရမည်။ အပိုဒ် ( ၁၂ )တွင် ရည်ညွှန်းဖော်ပြထားသော ကင်းလွတ်ခွင့် ကျင့်သုံးခြင်းအား ဆောင်ရွက်ပြီး ငြင်းပယ်ခြင်းမပြုရသေးလျှင် ယင်းသို့ဖော်ပြနိုင်သည်။ ဖြစ်နိုင်သည့်အတိုင်းအတာအထိ ကွန်ဗင်းရှင်းဝင် ဆန့်ကျင်ဘက်နိုင်ငံအား ရွှေ့ပြောင်းရန် အသိပေးအကြောင်းကြားမှု ပြုလုပ်ရမည်။ သို့ရာတွင် ယဉ်ကျေးမှုပစ္စည်းကို အခြားနိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ်သို့ သယ်ယူပို့ဆောင် ရာ၌ ယင်းယဉ်ကျေးမှုပစ္စည်းအတွက် ကင်းလွတ်ခွင့်ကို ထုတ်ဖော်ခွင့်ပြုခြင်း မရှိပါက သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတကို ဖော်ပြခွင့်မရှိပါ။

(၂) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ဖြစ်နိုင်သည့်အတိုင်းအတာအထိ ယခု အပိုဒ်စာပိုဒ် ( ၁ )တွင် ဖော်ပြထားသော သယ်ယူပို့ဆောင်မှုအား တိုက်ခိုက်သည့် လုပ်ရပ်များကို ရှောင်ရှားရန် လိုအပ်သော သတိပြုကာကွယ်မှုများ ဆောင်ရွက်ရမည်။ ထင်ရှားသိသာသော အထိမ်းအမှတ် သင်္ကေတဖော်ပြထားသော သယ်ယူပို့ဆောင်မှုမျိုးဖြစ်သည်။

**အပိုဒ် ( ၁၄ ) သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ လက်ဝယ်ရယူခြင်းတို့မှ ကင်းလွတ်မှု**

(၁) ဖမ်းဆီးခြင်း၊ လက်ဝယ်ရယူခြင်း၊ သိမ်းဆည်းခြင်းတို့မှ ကင်းလွတ်ခြင်းကို အောက်ပါတို့အား ခွင့်ပြုရမည် –

(က) အပိုဒ် ( ၁၂ ) တွင် သတ်မှတ်ထားသော (သို့မဟုတ်) အပိုဒ် ( ၁၃ ) တွင် သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်မှုရရှိသည့် ယဉ်ကျေးမှုပစ္စည်း

(ခ) ယင်းသို့သော ယဉ်ကျေးမှုပစ္စည်းကို ရွှေ့ပြောင်းရန်အတွက် သီးသန့်အသုံးပြုသော သယ်ယူပို့ဆောင်မည့် ယာဉ်များ

(၂) ဤအပိုဒ်တွင်ပါရှိသော မည်သည့်အချက်ကမျှ သွားရောက်ရန်နှင့် ရှာဖွေရန် အခွင့်အရေးကို ကန့်သတ်ခြင်း မရှိစေရပါ။

## အခန်း ( ၄ ) ဝန်ထမ်းများ

### အပိုဒ် ( ၁၅ ) ဝန်ထမ်းများ

လုံခြုံရေးအကျိုးစီးပွားများနှင့် ညီညွတ်နိုင်မည့်အတိုင်းအတာအထိ ယဉ်ကျေးမှုပစ္စည်း ကာကွယ် စောင့်ရှောက်ရန် တာဝန်ယူရသော ဝန်ထမ်းများအား ယင်းသို့သော ပစ္စည်း၏ အကျိုးစီးပွားအတွက် အလေးဂရုပြုရမည်။ ယင်းဝန်ထမ်းများသည် ကွန်ဖင်းရှင်းဝင် ဆန့်ကျင်ဘက်နိုင်ငံ၏ လက်တွင်းသို့ ကျရောက်ပါက ကွန်ဖင်းရှင်းဝင် ဆန့်ကျင်ဖက် နိုင်ငံ၏လက်တွင်းသို့ မိမိတို့၏ တာဝန်ယူရသော ယဉ်ကျေးမှုပစ္စည်းလည်း ကျရောက်သည့် အခါတိုင်း မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ခွင့်ပြုရမည်။

## အခန်း ( ၅ ) သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတ

### အပိုဒ် ( ၁၆ ) ကွန်ဖင်းရှင်း၏ အထိမ်းအမှတ်သင်္ကေတ

(၁) ကွန်ဖင်းရှင်း၏ သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတသည် အောက်သို့ ချွန်သော ဒိုင်းပုံသဏ္ဌာန်ရှိစေရမည်။ အပြာရောင်နှင့်အဖြူရောင် ဖြစ်စေရမည်။ ''ဒိုင်းတွင် အပြာရောင် စတုရန်းပုံရှိပြီး ယင်းစတုရန်းပုံ၏ ထောင့်များအနက် တစ်ခုသည် ဒိုင်း၏ အချွန်နေရာ ဖြစ်စေရမည်။ စတုရန်းပုံ၏အထက်တွင် အပြာရောင် တြိဂံရှိပြီး တစ်ဖက်တစ်ချက် ရှိနေရာတို့မှာ အဖြူရောင်တြိဂံ ဖြစ်စေရမည်''။

(၂) အထိမ်းအမှတ်သင်္ကေတကို တစ်ခုတည်း အသုံးပြုနိုင်သည် (သို့မဟုတ်) တြိဂံပုံစံ ( ၃ ) ခု ခွဲ၍ အသုံးပြုနိုင်သည်။ ''ဒိုင်းပုံတစ်ခုမှာ အောက်တွင်ရှိရမည်'' အပိုဒ် ( ၁၇ )တွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ဖြစ်သည်။

### အပိုဒ် ( ၁၇ ) အထိမ်းအမှတ် သင်္ကေတကို အသုံးပြုခြင်း

(၁) သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတကို ( ၃ )ခုတွဲ အသုံးပြုမည်ဆိုပါက အောက်ပါတို့ကို သတ်မှတ်ဖော်ပြသော နည်းလမ်းအနေဖြင့်သာလျှင် အသုံးပြု နိုင်သည် -

(က) အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော မရွှေ့ပြောင်းနိုင်သည့် ယဉ်ကျေးမှု ပစ္စည်း

(ခ) အပိုဒ် ( ၁၂ )နှင့် ( ၁၃ )တွင် သတ်မှတ်ထားသော သတ်မှတ်ချက်များအရ ယဉ်ကျေးမှု ပစ္စည်းကို သယ်ယူပို့ဆောင်ခြင်း

(ဂ) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများတွင် သတ်မှတ်ထားသော သတ်မှတ်ချက်များအရ ယာယီထိန်းသိမ်း စောင့်ရှောက်ရာ နေရာဌာနများ

(၂) သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတကို အောက်ပါတို့ကို သတ်မှတ်ဖော်ထုတ်ရန် နည်းလမ်းအနေဖြင့်သာလျှင် တစ်ခုတည်းအသုံးပြုနိုင်သည် –

(က) အထူးကာကွယ်စောင့်ရှောက်မှု မပြုသော ယဉ်ကျေးမှု ပစ္စည်း

(ခ) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများနှင့်အညီ ထိန်းချုပ်မှုအတွက် တာဝန်ရှိသူများ

(ဂ) ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများ

(ဃ) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများတွင် ဖော်ပြထား သော မည်သူမည်ဝါ ဖြစ်ကြောင်းဖော်ပြသည့် ကတ်ပြားများ

(၃) လက်နက်ကိုင် ပဋိပက္ခအတွင်းတွင် ယခုအပိုဒ်၏ ယခင်စာပိုဒ်များ၌ ဖော်ပြခဲ့ပြီးသော ဖြစ်ရပ်များမဟုတ်သော အခြားသောဖြစ်ရပ်များတွင် သိသာထင်ရှားသော အထိမ်းအမှတ် သင်္ကေတကို အသုံးပြုခြင်းနှင့် သိသာထင်ရှားသော အထိမ်းအမှတ် သင်္ကေတနှင့်တူသော သင်္ကေတကို မည်သည့်ရည်ရွယ်ချက်အတွက် မဆို အသုံးပြုခြင်းအား တားမြစ်ရမည်။

(၄) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က စနစ်တကျ ရက်စွဲနှင့်လက်မှတ်ရေးထိုး၍ ခွင့်ပြုချက်ကို တစ်ချိန်တည်းတွင် ဖော်ပြထားခြင်းမရှိလျှင် သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတကို မည်သည့်မရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှု ပစ္စည်းအပေါ်တွင်မျှ မတပ်ဆင် မထားရှိရ။

## အခန်း ( ၆ ) ကွန်ဗင်းရှင်း၏ အကျုံးဝင်မှုအတိုင်းအတာ

### အပိုဒ် ( ၁၈ ) ကွန်ဗင်းရှင်း၏ အကျုံးဝင်မှု

(၁) ငြိမ်းချမ်းသော အချိန်ကာလများတွင် သက်ရောက်မှုရှိမည့် သတ်မှတ်ချက်များ မှလွဲ၍ ယခုကွန်ဗင်းရှင်းသည် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး နှစ်နိုင်ငံ (သို့မဟုတ်) နှစ်နိုင်ငံထက်ပို၍ အကြားၙ စစ်ကြေညာခြင်း (သို့မဟုတ်) အခြား လက်နက်ကိုင် ပဋိပက္ခမှုဖြစ်ပွားခြင်းတို့နှင့် သက်ဆိုင်ရာနိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) တစ်နိုင်ငံထက် ပိုက စစ်မက်ဖြစ်ပွားသော အခြေအနေကို အသိအမှတ်မပြုသည့်တိုင် အကျုံးဝင် စေရမည်။

(၂) အထက်ဖော်ပြပါ ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို တစ်စိတ် တစ်ဒေသ (သို့မဟုတ်) လုံးဝသိမ်းပိုက်သော ဖြစ်ရပ်များအားလုံးတွင် အထက် ဖော်ပြပါ သိမ်းပိုက်မှုသည် လက်နက်ကိုင်ခုခံမှု တစ်စုံတစ်ရာ မရှိသည့်တိုင် ယင်းသို့သော ဖြစ်ရပ်များအားလုံးတွင် ဤကွန်ဗင်းရှင်းသည် အကျုံးဝင်စေရမည်။

(၃) ပဋိပက္ခမှုဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံသည် ယခုကွန်ဗင်းရှင်းတွင် ပါဝင်ခြင်း မရှိပါက ပဋိပက္ခမှုတွင်ပါဝင်သော ကွန်ဗင်းရှင်းဝင်ဖြစ်သော ကျန်ရှိသည့် နိုင်ငံများ သည် ၎င်းတို့အချင်းချင်း ဆက်ဆံမှုများၙ ကွန်ဗင်းရှင်းကို ဆက်လက်၍ လိုက်နာ ကြရမည်။ ထို့အပြင် ကွန်ဗင်းရှင်းတွင် ပါဝင်ခြင်းမရှိသော နိုင်ငံက ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များကို အကျုံးဝင်သမျှကာလပတ်လုံး လက်ခံ ကြောင်း ကြေညာ မည်ဆိုပါက ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံနှင့် ဆက်ဆံရာတွင်လည်း ကွန်ဗင်းရှင်းကို လိုက်နာကြရမည်။

### အပိုဒ် ( ၁၉ ) နိုင်ငံတကာ သဘောသဘာဝမရှိသော ပဋိပက္ခများ

(၁) ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းတွင် နိုင်ငံတကာ သဘော သဘာဝမရှိသည့် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားလျှင် ယင်းပဋိပက္ခတွင် ပါဝင်သော နိုင်ငံများအားလုံးသည် အနည်းဆုံးအားဖြင့် ယဉ်ကျေးမှုပစ္စည်းနှင့် သက်ဆိုင်သော ယခုကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များကို ကျင့်သုံးကြရမည်။

(၂) ပဋိပက္ခတွင်ပါဝင်သောနိုင်ငံများသည် ယခုကွန်ဗင်းရှင်းပါ အခြားသော သက်မှတ်ချက်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အထူးသဘောတူညီမှု ရယူလျက် ကျင့်သုံးရန် ကြိုးပမ်းကြရမည်။

(၃) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့သည် ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများအား ဝန်ဆောင်မှုများကို ပေးအပ်နိုင်သည်။

(၄) ယခင်သတ်မှတ်ချက်ကို လက်တွေ့ကျင့်သုံးခြင်းသည် ပဋိပက္ခတွင် ပါဝင်သော နိုင်ငံများ၏ ဥပဒေဆိုင်ရာအဆင့်အတန်းအပေါ် သက်ရောက်မှုမရှိစေရ။

## အခန်း ( ၇ ) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်း

### အပိုဒ် ( ၂၀ ) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများ

လက်ရှိ ယခု ကွန်ဗင်းရှင်းကို ကျင့်သုံးရန် လုပ်ထုံးလုပ်နည်းကို ကွန်ဗင်းရှင်း၏ တစ်စိတ်တစ်ဒေသ ပါဝင်သော ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရေးစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားပါသည်။

### အပိုဒ် ( ၂၁ ) ကာကွယ်စောင့်ရှောက်သော နိုင်ငံများ

ယခုကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းများအား ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ကာကွယ် စောင့်ရှောက်သည့် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင့်သုံးရမည်။

### အပိုဒ် ( ၂၂ ) စေ့စပ်ရေးလုပ်ထုံးလုပ်နည်း

(၁) ကာကွယ်စောင့်ရှောက်သော နိုင်ငံများသည် ယဉ်ကျေးမှုပစ္စည်း အကျိုးစီးပွားများ အတွက် အသုံးဝင်သည်ဟု ယူဆသော ဖြစ်ရပ်များအားလုံးတွင် အကျိုးဆောင် ပေးနိုင်သည်။ အထူးသဖြင့် ယခုကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များ (သို့မဟုတ်) ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရေး စည်းမျဉ်းများကို ကျင့်သုံးခြင်း (သို့မဟုတ်) အဓိပ္ပါယ်ကောက်ယူခြင်းနှင့် စပ်လျဉ်း၍ ပဋိပက္ခဖြစ်သောနိုင်ငံများ အကြား သဘောကွဲလွဲမှုရှိလျှင် အကျိုးဆောင်ပေးရန် ဖြစ်သည်။

(၂) ဤရည်ရွယ်ချက်အတွက် ကာကွယ်စောင့်ရှောက်သော နိုင်ငံများသည် ပဋိပက္ခတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံ၏ ဖိတ်ကြားချက်အရဖြစ်စေ၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ အထွေထွေ ညွှန်ကြားရေးမှူးချုပ်၏ ဖိတ်ကြား ချက်အရဖြစ်စေ၊ မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပဋိပက္ခတွင် ပါဝင်သော နိုင်ငံများအား

မိမိတို့၏ ကိုယ်စားလှယ်များ တက်ရောက်စေ၍ အစည်းအဝေး ကျင်းပရန် ပဋိပက္ခဖြစ်ပွားသော နိုင်ငံများအား အဆိုပြုနိုင်သည်။ အထူးသဖြင့် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော အာဏာပိုင်များအား စည်းဝေးစေရန်ဖြစ်သည်။ သင့်တင့်လျောက်ပတ်ရှိသည်ဟု ယူဆပါက ကြားနေနယ်မြေတစ်ရပ်ကို သင့်တော်စွာ ရွေးချယ်လျက် ကျင်းပရန်ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားသော နိုင်ငံများသည် ၎င်းတို့အား အစည်းအဝေးကျင်းပရန် အဆိုပြုပါက လက်ခံဆောင်ရွက်ကြရမည်။

ကာကွယ်စောင့်ရှောက်သော နိုင်ငံများသည် ပဋိပက္ခတွင်ပါဝင်သော နိုင်ငံများ၏ သဘောတူ ခွင့်ပြုချက်ဖြင့် ကြားနေနိုင်ငံတစ်နိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦးအား (သို့မဟုတ်) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ညွှန်ကြားရေးမှူးချုပ်က တင်ပြသော ပုဂ္ဂိုလ်တစ်ဦး အား အဆိုပြု၍ ယင်းပုဂ္ဂိုလ်အား အထက်ဖော်ပြပါ အစည်းအဝေးများတွင် သဘာပတိ အဖြစ် ပါဝင်ဆောင်ရွက်စေရန် ဖိတ်ခေါ်ရမည်။

## အပိုဒ် ( ၂၃ ) ယူနက်စကို၏ အကူအညီ

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က မိမိတို့၏ ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရေး စုစည်းဆောင်ရွက်ရာတွင် နည်းပညာအကူအညီ ပေးရန် (သို့မဟုတ်) ယခုကွန်ဗင်းရှင်းကို ကျင့်သုံးခြင်း (သို့မဟုတ်) ကွန်ဗင်းရှင်းအတိုင်း လိုက်နာဆောင်ရွက် ခြင်းအတွက် စည်းမျဉ်းများကို ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ အခြားတစ်စုံတစ်ရာ ပြဿနာ ပေါ်ပေါက်လာပါက နည်းပညာအကူအညီ တောင်းခံနိုင်သည်။ ယူနက်စကိုအဖွဲ့သည် ယင်းသို့သောအကူအညီကို မိမိ၏ လုပ်ငန်း အစီအစဉ်နှင့် အရင်းအမြစ်များ အကန့်အသတ်အတွင်းတွင် ဖြည့်ဆည်းပေးရသည်။

(၂) ယူနက်စကိုအဖွဲ့သည် ဤကိစ္စနှင့်စပ်လျဉ်း၍ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများ အား အဆိုပြုချက်များ မိမိအစီအစဉ်ဖြင့် ပြုလုပ်ခွင့်ရှိသည်။

## အပိုဒ် ( ၂၄ ) အထူးသဘောတူညီချက်များ

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် သီးခြားသတ်မှတ်ရန် သင့်တော်သည်ဟု မိမိတို့ ယူဆသော ကိစ္စရပ်များအားလုံးနှင့် စပ်လျဉ်း၍ အထူးသဘောတူညီမှုများ ပြုလုပ်နိုင်သည်။

(၂) ယဉ်ကျေးမှုပစ္စည်းကိုလည်းကောင်း၊ ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်နေသော ဝန်ထမ်းများကိုလည်းကောင်း၊ ယခုကွန်ဗင်းရှင်းက ပေးအပ်သော ကာကွယ်စောင့်ရှောက်မှုကို လျှော့နည်းကျဆင်းစေမည့် မည်သည့် အထူးသဘောတူညီချက်ကိုမျှ မပြုလုပ်ရ။

**အပိုဒ် ( ၂၅ ) ကွန်ဗင်းရှင်းကို ဖြန့်ဝေခြင်း**

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ငြိမ်းချမ်းသောကာလတွင်သာမက လက်နက်ကိုင်ပဋိပက္ခကာလတွင်လည်း ယခုကွန်ဗင်းရှင်း စာသားနှင့် ကွန်ဗင်းရှင်းကို လက်တွေ့ဆောင်ရွက်ရန် နည်းလမ်းများအား မိမိတို့သက်ဆိုင်ရာ နိုင်ငံများတွင် ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စွာ ဖြန့်ဖြူးရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။ အထူးသဖြင့် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် စစ်ဘက်နှင့် ဖြစ်နိုင်ပါက အရပ်ဘက် လေ့ကျင့်သင်တန်းပေးမှု လုပ်ငန်းအစီအစဉ်များတွင် ဤကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်းကို လိုက်နာကျင့်သုံးသည့် စည်းမျဉ်းများအား လေ့လာခြင်းကို ထည့်သွင်းရမည်။ သို့ဖြင့်၍ ကွန်ဗင်းရှင်း၏ မူများကို ပြည်သူလူထုတစ်ရပ်လုံး အထူးသဖြင့် လက်နက်ကိုင် တပ်ဖွဲ့များနှင့် ယဉ်ကျေးမှုပစ္စည်းကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူဆောင်ရွက်ရသော ဝန်ထမ်းများက သိရှိစေရန်ဖြစ်သည်။

**အပိုဒ် ( ၂၆ ) ဘာသာပြန်ဆိုခြင်းများနှင့် အစီရင်ခံစာများ**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ တစ်ဆင့် ယခုကွန်ဗင်းရှင်းနှင့် ယခုကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းများအား တရားဝင်ဘာသာပြန်ဆိုချက်များကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပေးပို့ကြရမည်။

(၂) ထို့ပြင် ( ၄ )နှစ်လျှင် ( ၁ )ကြိမ်ထက်မနည်း ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် ညွှန်ကြားရေးမှူးချုပ်ထံသို့ ယခုကွန်ဗင်းရှင်းနှင့် ယခုကွန်ဗင်းရှင်းကို လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများအား ပြည့်မီအောင်ဆောင်ရွက်ရာ၌ မိမိတို့အစိုးရအသီးသီးက ဆောင်ရွက်ထားသော၊ ပြင်ဆင်ထားသော (သို့မဟုတ်) ဆောင်ရွက်ရန် စဉ်းစားထားသော သင့်တော်သည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သင့်တော်သည်ဟု ၎င်းတို့ထင်မြင် ယူဆသော မည်သည့်သတင်းအချက်အလက်ကိုမဆို ထည့်သွင်းဖော်ပြလျက် အစီရင်ခံစာကို ပေးပို့ရမည်။

**အပိုဒ် ( ၂၇ ) အစည်းအဝေးများ**

(၁) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် အမှုဆောင်ဘုတ်အဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများ၏ ကိုယ်စားလှယ်ကြီးများ အစည်းအဝေးများကို ကျင်းပရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ကွန်ဗင်းရှင်း ဝင်နိုင်ငံကြီးများအနက် အနည်းဆုံး ( ၅ )ပုံ ( ၁ ) ပုံက မေတ္တာရပ်ခံလာလျှင် ယင်းသို့သော အစည်းအဝေးကို ကျင်းပရမည်။

(၂) အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ယခုကွန်ဗင်းရှင်း (သို့မဟုတ်) ယခုကွန်ဗင်းရှင်းကိုလိုက်နာဆောင်ရွက်ရန်အတွက် စည်းမျဉ်းများအရ အပ်နှင်းထားသော အခြားလုပ်ငန်းတာဝန်များကို ထိခိုက်စေခြင်းမရှိဘဲ ကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းများ ကျင့်သုံးခြင်းဆိုင်ရာ ပြဿနာများကို လေ့လာရန်နှင့် ယင်းနှင့်သက်ဆိုင်သော အကြံပြုချက်များ ပြုလုပ်ရန် ဖြစ်စေရမည်။

(၃) အစည်းအဝေးတွင် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအနက် အများစု တက်ရောက်ပါက အပိုဒ် ( ၃၉ )ပါ သတ်မှတ်ချက်များနှင့်အညီ ကွန်ဗင်းရှင်းကိုလည်းကောင်း၊ ကွန်ဗင်းရှင်းကို လိုက်နာကျင့်သုံးရန်အတွက် စည်းမျဉ်းများကိုလည်းကောင်း ပြန်လည်ပြင်ဆင်မှု ပြုလုပ်နိုင်သည်။

**အပိုဒ် ( ၂၈ )ပြစ်ဒဏ်များ**

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် မိမိတို့၏ သာမန်ပြစ်မှုဆိုင်ရာ တရားစီရင်ပိုင်ခွင့်မူဘောင်အတွင်းတွင် ယခုကွန်ဗင်းရှင်းကို ချိုးဖောက်မှုကျူးလွန်သော (သို့မဟုတ်) ကျူးလွန်ရန် အမိန့်ပေးစေခိုင်းသော မည်သည့်နိုင်ငံသားမဆို လူပုဂ္ဂိုလ်များအား ပြစ်မှုဆိုင်ရာ (သို့မဟုတ်) အရေးယူအပြစ်ပေးခြင်းဆိုင်ရာ ပြစ်ဒဏ်များကို တရားစွဲဆိုတင်ပို့၍ ချမှတ်ရန်အတွက် လိုအပ်သော လုပ်ဆောင်ချက်များ အားလုံး ကို ဆောင်ရွက်ရန် တာဝန်ယူရမည်။

<u>**အပြီးသတ် နောက်ဆုံးပြဋ္ဌာန်းချက်များ**</u>

**အပိုဒ် ( ၂၉ ) ဘာသာစကားများ**

(၁) ယခုကွန်ဗင်းရှင်းကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာတို့ဖြင့် ရေးဆွဲရမည်။ ယင်းဘာသာစကား ( ၄ )မျိုးဖြင့် ရေးသားထားသော စာသားများအားလုံးသည် ညီတူညီမျှ ခိုင်မာမှုရှိစေရမည်။

(၂) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သည် ကွန်ဗင်းရှင်းကို အထွေထွေ နီးနှောဖလှယ်ပွဲတွင် အသုံးပြုသော အခြားတရားဝင်ဘာသာစကားများဖြင့် ဘာသာပြန်ဆိုရန်အတွက် ပြင်ဆင်ရမည်။

**အပိုဒ် ( ၃၀ ) လက်မှတ်ရေးထိုးခြင်း**

ယခုကွန်ဗင်းရှင်းကို ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့ ရက်စွဲဖြင့်ရေးထိုးရမည်။ ၁၉၅၄ ခုနှစ်၊ ဧပြီလ ( ၂၁ )ရက်နေ့မှ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့ အထိ ဟေ့ဂ်မြို့တွင် ကျင်းပခဲ့သော နီးနှောဖလှယ်ပွဲသို့ ဖိတ်ခေါ်ခြင်းခံရသည့် နိုင်ငံအားလုံးက လက်မှတ် ရေးထိုးရန်အတွက် ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ )ရက်နေ့အထိ ဖွင့်လှစ်ထားရှိရမည်။

**အပိုဒ် ( ၃၁ ) အတည်ပြုခြင်း**

(၁) ယခုကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးသော နိုင်ငံများက မိမိတို့၏ အခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်း အသီးသီးတို့နှင့်အညီ အတည်ပြုနိုင်စေရမည်။

(၂) အတည်ပြုသော စာချုပ်စာတမ်းများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံရမည်။

**အပိုဒ် ( ၃၂ ) ပါဝင်ခြင်း**

ယခုကွန်ဗင်းရှင်းသည် အတည်ဖြစ်သည့်ရက်စွဲမှစ၍ အပိုဒ် ( ၃၀ )တွင် ဖော်ပြထားသည့် ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများအားလုံးသာမက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ အမှုဆောင်ဘုတ်အဖွဲ့က ပါဝင်ပါရန် ဖိတ်ခေါ်သော အခြားမည်သည့် နိုင်ငံကမဆို ပါဝင်ရန်အတွက် ဖွင့်လှစ်ထားရှိစေရမည်။ ကွန်ဗင်းရှင်းတွင် ပါဝင်ခြင်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ ပါဝင်ကြောင်း စာချုပ်စာတမ်း အပ်နှံခြင်းအားဖြင့် ဆောင်ရွက်ပြီး ဖြစ်စေရမည်။

**အပိုဒ် ( ၃၃ ) အတည်ပြုခြင်း**

(၁) ယခုကွန်ဗင်းရှင်းသည် အတည်ပြုကြောင်း စာချုပ်စာတမ်း ( ၅ )စောင် လက်ခံရရှိပြီး နောက် ( ၃ )လအကြာတွင် စတင်အတည်ဖြစ်စေရမည်။

(၂) ထို့နောက် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးတစ်နိုင်ငံစီအတွက် ၎င်းနိုင်ငံ၏ အတည်ပြုခြင်း (သို့မဟုတ်) ပါဝင်ခြင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ အပ်နှံပြီးနောက် ( ၃ ) လအကြာတွင် ယင်းနိုင်ငံ အတွက် အတည်ဖြစ်စေရမည်။

(၃) အပိုဒ် ( ၁၈ )နှင့် ( ၁၉ )တွင် ရည်ညွှန်းဖော်ပြထားသော အခြေအနေများသည် တိုက်ရိုက် မှုများ (သို့မဟုတ်) သိမ်းပိုက်မှု မစတင်မီ (သို့မဟုတ်) စတင်ပြီး နောက် ပဋိပက္ခတွင် ပါဝင်သောနိုင်ငံများက အပ်နှံသည့် အတည်ပြု စာရွက်စာတမ်းများ (သို့မဟုတ်) ကွန်ဗင်းရှင်းတွင် ပါဝင်ခြင်း စာရွက်စာတမ်းများ အပေါ် ချက်ခြင်းသက်ရောက်မှုရှိစေရမည်။ ထိုသို့သောဖြစ်ရပ်များတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ( ၃၈ ) တွင် ရည်ညွှန်းဖော်ပြထားသော ဆက်သွယ် ပြောဆို မှုများကို အလျင်မြန်ဆုံး နည်းလမ်းဖြင့် ပေးပို့ရမည်။

**အပိုဒ် ( ၃၄ ) ထိရောက်စွာကျင့်သုံးခြင်း**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံအားလုံးသည် ကွန်ဗင်းရှင်း အတည်ပြုသည့်ရက်စွဲ၌ ယင်းသို့ အတည်ဖြစ်ပြီးနောက် ( ၆ )လကြာကာလအတွင်းတွင် ကွန်ဗင်းရှင်းကို ထိရောက်စွာကျင့်သုံး နိုင်ရေးအတွက် လိုအပ်သော အစီအမံများအားလုံးကို ဆောင်ရွက်ရမည်။

(၂) ဤကာလမှာ ကွန်ဗင်းရှင်း အတည်ဖြစ်သည့်ရက်စွဲပြီးနောက် အတည်ပြုသော (သို့မဟုတ်) ကွန်ဗင်းရှင်းတွင်ပါဝင်သော စာရွက်စာတမ်းများကို အပ်နှံသော မည်သည့်နိုင်ငံ အတွက်မဆို အတည်ပြုခြင်း (သို့မဟုတ်) ကွန်ဗင်းရှင်းတွင် ပါဝင် သော စာရွက်စာတမ်းများကို အပ်နှံသည့်ရက်စွဲမှစ၍ ( ၆ )လကြာကာလ ဖြစ်စေ ရမည်။

**အပိုဒ် ( ၃၅ ) ကွန်ဗင်းရှင်းကို နယ်မြေတိုးချဲ့ခြင်း**

ကွန်ဗင်းရှင်းတွင် ပါဝင်သော မည်သည့်နိုင်ငံကြီးမဆို အတည်ပြုချိန် (သို့မဟုတ်) ကွန်ဗင်းရှင်း တွင် ပါဝင်ချိန် (သို့မဟုတ်) ထို့နောက် မည်သည့်အချိန်တွင်မဆို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အသိပေးအကြောင်းကြားစာ ရေးသားလျက် ယခုကွန်ဗင်းရှင်းသည် ၎င်းနိုင်ငံက နိုင်ငံတကာ ဆက်ဆံရေးအတွက် တာဝန်ရှိသော နယ်ပယ်များ အားလုံး (သို့မဟုတ်) မည်သည့် နယ်ပယ်အတွက်မဆို

တိုးချဲ့ကြောင်း ကြေညာနိုင်သည်။ ယင်းသို့ အသိပေးအကြောင်း ကြားခြင်းသည် ယင်းအသိပေးအကြောင်းကြားခြင်းကို လက်ခံရရှိသည့် ရက်စွဲပြီးနောက် ( ၃ )လ အကြာတွင် အတည်ဖြစ်စေရမည်။

## အပိုဒ် ( ၁၆ ) ယခင်ကွန်ဗင်းရှင်းများနှင့် ဆက်စပ်မှု

(၁) မြေပြင်ပေါ်တွင် စစ်မက်ဖြစ်ပွားခြင်း ဥပဒေများနှင့် ဓလေ့ထုံးတမ်းများဆိုင်ရာ ဟေ့ဂ်ကွန်ဗင်းရှင်းများ (၄)နှင့် စစ်မက်ဖြစ်ပွားချိန်တွင် ရေတပ်ဖြင့် ဗုံးကျဲခြင်း (၉) တို့အား လိုက်နာရသော နိုင်ငံများ၏ ဆက်ဆံရေးတွင် ၁၈၉၉ ခုနှစ်၊ ဇူလိုင်လ ( ၂၉ )ရက်စွဲပါ ကွန်ဗင်းရှင်းများ (သို့မဟုတ်) ၁၉၀၇ ခုနှစ်၊ အောက်တိုဘာလ ( ၁၈ )ရက်စွဲပါ ကွန်ဗင်းရှင်းများကို လိုက်နာရပြီး ယင်းနိုင်ငံများသည် ယခု ကွန်ဗင်းရှင်းတွင် ပါဝင်ပါက ဤနောက်ဆုံးကွန်ဗင်းရှင်းသည် အထက်ဖော်ပြပါ ကွန်ဗင်းရှင်း (၉)၏ ဖြည့်စွက်ချက်ဖြစ်စေရမည်။ အထက်ဖော်ပြပါ ကွန်ဗင်းရှင်း (၄) ၏ နောက်ဆက်တွဲ စည်းမျဉ်းများ၏ ဖြည့်စွက်ချက်ဖြစ်စေရမည်။ အထက် ဖော်ပြပါ ကွန်ဗင်းရှင်း (၉) အပိုဒ် ( ၅ )တွင် ဖော်ပြထားသော အထိမ်းအမှတ် သင်္ကေတအစား ယခုကွန်ဗင်းရှင်း အပိုဒ် ( ၁၆ )တွင် ဖော်ပြထားသော အထိမ်း အမှတ်သင်္ကေတကို အစားထိုးရမည်။ ယခု ကွန်ဗင်းရှင်းနှင့် ယခုကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများက ဤထင်ရှားသိသာသော အထိမ်းအမှတ်သင်္ကေတ အသုံးပြုရေး သတ်မှတ်ဖော်ပြသည့် ဖြစ်ရပ်များတွင် ယင်းသို့အစားထိုးရန် ဖြစ်သည်။

(၂) အနုပညာနှင့် သိပ္ပံ အဖွဲ့အစည်းစနစ်များ သမိုင်းဝင်အထိမ်းအမှတ်များ ကာကွယ် စောင့်ရှောက် ခြင်းအတွက် ၁၉၃၅ ခုနှစ်၊ ဧပြီလ ( ၁၅ )ရက်နေ့ ဝါရှင်တန်စာချုပ် (ရိုးရစ်စာချုပ်) ကို လိုက်နာရသော နိုင်ငံများသည် ယခုကွန်ဗင်းရှင်းတွင် ပါဝင်သော နိုင်ငံများဖြစ်ပါက ယင်းတို့ကြား ဆက်ဆံရေးများတွင် ယခုကွန်ဗင်းရှင်းသည် (ရိုးရစ်စာချုပ်) ၏ ဖြည့်စွက်ချက်ဖြစ်စေရမည်။ (ရိုးရစ်စာချုပ်)အပိုဒ် ( ၃ )တွင် ဖော်ပြထားသည့် သိသာထင်ရှားသည့်အလံနေရာတွင် ယခုကွန်ဗင်းရှင်း အပိုဒ် ( ၁၆ )တွင် သတ်မှတ်ဖော်ပြထားသည့် အထိမ်းအမှတ် သင်္ကေတကို အစားထိုး ရမည်။ ယခုကွန်ဗင်းရှင်းနှင့် ယခုကွန်ဗင်းရှင်းကိုလိုက်နာ ဆောင်ရွက်ရန်အတွက် စည်းမျဉ်းများ၌ ဤသိသာထင်ရှားသော အထိမ်းအမှတ် သင်္ကေတကို အသုံးပြုရန် သတ်မှတ်ထားသော ဖြစ်ရပ်များတွင် ယင်းသို့ အစားထိုးရန်ဖြစ်သည်။

**အပိုဒ် ( ၃၇ ) ရှုံ့ချခြင်း**

( ၁ ) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးသည် လက်ရှိ ယခု ကွန်ဗင်းရှင်းကို မိမိကိုယ်တိုင် အနေဖြင့်ဖြစ်စေ၊ မိမိက နိုင်ငံတကာဆက်ဆံရေးများ တာဝန်ယူရသော မည်သည့် နယ်ပယ်အတွက် ကိုယ်စားဖြစ်စေ ရှုံ့ချနိုင်သည်။

( ၂ ) ရှုံ့ချကြောင်းကို စာဖြင့်ရေးသား၍ အသိပေးအကြောင်းကြား တင်ပြရမည်။ ယင်းစာဖြင့် ရေးသားအကြောင်းကြားချက်ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံရမည်။

( ၃ ) ရှုံ့ချချက်သည် ရှုံ့ချကြောင်း စာရွက်စာတမ်းရရှိသည့်နောက် တစ်နှစ်အကြာတွင် စတင်၍ အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ယင်းကာလကုန်ဆုံးပြီးနောက် ရှုံ့ချသောနိုင်ငံက လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ပတ်သက်လျှင် ရှုံ့ချခြင်းသည် တိုက်ခိုက်မှုများ ပြီးဆုံးသည့် အချိန်တိုင်အောင် သို့မဟုတ် ယဉ်ကျေးမှုပစ္စည်းများ မူရင်းနိုင်ငံသို့ ပြန်လည်ပေးပို့သည့်လုပ်ငန်းများ ပြီးဆုံးသည့်တိုင်အောင် ယင်းနှစ်ခု အနက် ပို၍နောက်ကျသည့်ကိစ္စရပ် ပြီးဆုံးသည့်တိုင်အောင် အကျိုးသက်ရောက်ခြင်း မရှိစေရ။

**အပိုဒ် ( ၃၈ ) အသိပေးအကြောင်းခြင်းများ**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ( ၃၀ ) နှင့် ( ၃၂ ) တို့တွင် ဖော်ပြထားသော နိုင်ငံများသာမက ကုလသမဂ္ဂကလည်း အတည်ပြုကြောင်း၊ ကွန်ဗင်းရှင်းတွင် ပါဝင်ကြောင်း၊ လက်ခံကြောင်း၊ စာချုပ်စာတမ်းများ အပ်နှံမှုများ အားလုံးကို အကြောင်းကြားရမည်။ အပိုဒ် ( ၃၁ )၊ ( ၃၂ ) နှင့် ( ၃၉ ) တို့တွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။ အပိုဒ် ( ၃၅ )၊ ( ၃၇ ) နှင့် ( ၃၉ ) တို့တွင် အသီးသီး သတ်မှတ်ထားသော အသိပေးအကြောင်းကြားခြင်းများနှင့် ရှုံ့ချခြင်းများကိုလည်း အလားတူ အကြောင်းကြားရန်ဖြစ်သည်။

**အပိုဒ် ( ၃၉ ) ကွန်ဗင်းရှင်းနှင့် ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ခြင်း**

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး မည်သည့်နိုင်ငံမဆို ယခုကွန်ဗင်းရှင်း (သို့မဟုတ်) ယခု ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများအား ပြင်ဆင်ချက်များ အဆိုပြုနိုင်သည်။ အဆိုပြုထားသော ပြင်ဆင်ချက်စာသားကို ကုလသမဂ္ဂ

ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံပေးပို့ပြီး ညွှန်ကြားရေးမှူးချုပ်က ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများအားလုံးထံသို့ ပေးပို့ရမည်။ အောက်ပါတို့ကို ဖော်ပြလျက် ( ၄ ) လအတွင်း အကြောင်းပြန်ကြားရန်လည်း ယင်းကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများအား မေတ္တာရပ်ခံရမည် –

(က) အဆိုပြုထားသော ပြင်ဆင်ချက်ကို စဉ်းစားရန်အတွက် နှီးနှောဖလှယ်ပွဲ တစ်ရပ်ကျင်းပရန် ဆန္ဒရှိ – မရှိ

(ခ) နှီးနှောဖလှယ်ပွဲမကျင်းပဘဲ အဆိုပြုထားသော ပြင်ဆင်ချက်ကို လက်ခံရန် ထောက်ခံခြင်း ရှိ – မရှိ

(ဂ) နှီးနှောဖလှယ်ပွဲကျင်းပခြင်းမရှိဘဲ အဆိုပြုထားသောပြင်ဆင်ချက်ကို ပယ်ချရန် ထောက်ခံခြင်း ရှိ – မရှိ

(၂) ညွှန်ကြားရေးမှူးချုပ်သည် ယခုအပိုဒ် စာပိုဒ် ( ၁ ) အရ လက်ခံရရှိသော ပြန်ကြားချက်များကို ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးသို့ ပေးပို့ရမည်။

(၃) သတ်မှတ်ထားသောအချိန်ကာလကန့်သတ်ချက်အတွင်းတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဤအပိုဒ် စာပိုဒ် ( ၁ ) ( ခ ) နှင့် အညီ မိမိတို့၏ ရှုမြင်ပုံများကို ဖော်ပြသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး များအားလုံးသည် ညွှန်ကြားရေးမှူးချုပ်အား နှီးနှောဖလှယ်ပွဲကျင်းပခြင်းမပြုဘဲ ပြင်ဆင်ချက်ကိုလက်ခံရန် ထောက်ခံသည်ဟု အသိပေးအကြောင်းကြားပါက ယင်းတို့၏ ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားခြင်းအား ညွှန်ကြားရေး မှူးချုပ်က အပိုဒ် ( ၃၈ ) နှင့်အညီ အသိပေးအကြောင်းကြားရမည်။ ယင်းသို့ အသိပေးအကြောင်းကြားသည့်ရက်စွဲမှ ရက်ပေါင်း ( ၉၀ ) ကုန်လွန်သောအခါတွင် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးအတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်စေ ရမည်။

(၄) ညွှန်ကြားရေးမှူးချုပ်သည် ကွန်ဗင်းရှင်းတွင်ပါဝင်သော နိုင်ငံကြီးများအနက် ( ၃ ) ပုံ (၁) ပုံကျော်က အဆိုပြုထားသော ပြင်ဆင်ချက်ကို စဉ်းစားရန်အတွက် နှီးနှော ဖလှယ်ပွဲတစ်ရပ် ကျင်းပပါရန် မေတ္တာရပ်ခံလာပါက ညွှန်ကြားရေးမှူးချုပ်သည် နှီးနှောဖလှယ်ပွဲကျင်းပရန် ဖြစ်သည်။

(၅) ယခင်စာပိုဒ် သတ်မှတ်ချက်များအရ သတ်မှတ်ချက်များတွင်ဖော်ပြထားသော ကွန်ဗင်းရှင်းကို လည်းကောင်း၊ ကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်ခြင်းအတွက်

စည်းမျဉ်းများကို လည်းကောင်း ပြင်ဆင်ချက်များသည် နီးနှောဖလှယ်ပွဲတွင် ကိုယ်စားပြုတက်ရောက်သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများက အားလုံး သဘောတူအတည်ပြု၍ ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများအားလုံးက လက်ခံမှသာလျှင် အတည်ပြုစေရမည်။

(၆) ကွန်ဗင်းရှင်းကိုလည်းကောင်း ကွန်ဗင်းရှင်းကို ကျင့်သုံးဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများကိုလည်းကောင်း ပြင်ဆင်ချက်များကို ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး များက လက်ခံပြီး စာပိုဒ် (၄) နှင့် ( ၅ ) တို့တွင် ဖော်ပြထားသော နီးနှော ဖလှယ်ပွဲက အတည်ပြုလျှင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ တရားဝင် စာရွက်စာတမ်း အပ်နှံခြင်းဖြင့် အတည်ပြုစေရမည်။

(၇) ယခုကွန်ဗင်းရှင်း (သို့မဟုတ်) ယခုကွန်ဗင်းရှင်းအတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း အတွက် စည်းမျဉ်းများကို ပြင်ဆင်ခြင်းများသည် အတည်ပြုစစ်ပြီးနောက် ယင်းသို့ ပြင်ဆင်ထားသော ကွန်ဗင်းရှင်းစာသား (သို့မဟုတ်) ကွန်ဗင်းရှင်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများ၊ စာသားကိုသာလျှင် အတည်ပြုရန် (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အတွက် ဖွင့်လှစ်ထားရှိရန်ဖြစ်သည်။

## အပိုဒ် ( ၄၀ ) မှတ်ပုံတင်ခြင်း

ကုလသမဂ္ဂ ပဋိညာဉ်အပိုဒ် ( ၁၀၂ ) နှင့်အညီ ယခုကွန်ဗင်းရှင်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂ အတွင်းရေးမှူး အဖွဲ့တွင် မှတ်ပုံတင်ထားရှိရမည်။

ယခုကွန်ဗင်းရှင်းကို လက်ခံကြောင်း အောက်တွင် လက်မှတ်ရေးထိုးသူများသည် သင့်တင့်လျောက်ပတ်စွာ အခွင့်အာဏာရှိသူများအဖြစ် လက်မှတ်ရေးထိုးကြပြီး ဖြစ်ပါသည်။

၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ ) ရက်နေ့ ယနေ့တွင် "ဟော့ဂ်" မြို့၌ ရေးဆွဲသော ဤကွန်ဗင်းရှင်းစာသားကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ မော်ကွန်း တိုက်တွင် အပ်နှံထားရှိလျက် သက်သေခံလက်မှတ်ရေးထိုးထားသော မိတ္တူမှန်များကို အပိုဒ် ( ၃၀ )နှင့် ( ၃၂ ) တို့တွင် ရည်ညွှန်းဖော်ပြထားသော နိုင်ငံများအားလုံးသို့ လည်းကောင်း၊ ကုလသမဂ္ဂသို့လည်းကောင်း ပေးပို့ရမည်။

## လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလာသောအခါ ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်းအတွက် ကွန်ဗင်းရှင်းကို ကျင့်သုံးဆောင်ရွက်ခြင်းအတွက် စည်းမျဉ်းများ

### အခန်း ( ၁ ) ထိန်းချုပ်ခြင်း

### အပိုဒ် ( ၁ ) လူပုဂ္ဂိုလ်များ၊ နိုင်ငံတကာစာရင်း

ကွန်ဗင်းရှင်းအတည်ဖြစ်သောအခါတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ်၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အရည်အချင်းပြည့်မီသည်ဟု ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများက အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်များအားလုံးပါဝင်သည့် နိုင်ငံတကာစာရင်းတစ်ရပ်ကို ပြုစုရမည်။ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ဆောင်ရွက်ချက်ဖြင့် ဤစာရင်းကို ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများက ရေးဆွဲသော မေတ္တာရပ်ခံချက်များအပေါ် အခြေခံ၍ အချိန်ကာလသတ်မှတ်လျက် ပုံမှန်ပြန်လည်ပြင်ဆင်ရမည်။

### အပိုဒ် ( ၂ )ထိန်းချုပ်မှုအဖွဲ့

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး မည်သည့်နိုင်ငံမဆို ကွန်ဗင်းရှင်း အပိုဒ် ( ၁၈ ) နှင့် အကျုံးဝင်သည့် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည်နှင့်တစ်ပြိုင်နက် –

(က) မိမိ၏ ပိုက်နက်နယ်မြေအတွင်းတည်ရှိသော ယဉ်ကျေးမှုပစ္စည်းအတွက် ကိုယ်စားလှယ် ခန့်ထားရမည်။ အကယ်၍ အခြားပိုင်နက်နယ်မြေကို သိမ်းပိုက်ထားပါက ယင်း ပိုက်နက်နယ်မြေတွင်တည်ရှိသော ယဉ်ကျေးမှုပစ္စည်းအတွက် အထူးကိုယ်စားလှယ် ခန့်အပ်ရမည်။

(ခ) ယင်းသို့သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးနှင့် ပဋိပက္ခဖြစ်သောနိုင်ငံများအားလုံးအတွက်၊ နိုင်ငံတစ်နိုင်ငံစီအတွက် ကာကွယ်စောင့်ရှောက်သောနိုင်ငံအဖြစ် ဆောင်ရွက်သော နိုင်ငံသည် ယင်းသို့သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသို့ တရားဝင်စေလွှတ်သော ကိုယ်စားလှယ်များ ခန့်အပ်ရမည်။ အောက်ဖော်ပြပါ အပိုဒ် ( ၃ ) နှင့်အညီဖြစ်သည်။

(ဂ) ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မနာရှင်ချုပ်တစ်ဦးကို အပိုဒ် ( ၄ ) နှင့်အညီ ယင်းသို့သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသို့ ခန့်အပ်ရမည်။

**အပိုဒ် ( ၃ ) ကာကွယ်စောင့်ရှောက်သောနိုင်ငံများ၏ ကိုယ်စားလှယ်များခန့်အပ်ခြင်း**

ကာကွယ်စောင့်ရှောက်သောနိုင်ငံသည် မိမိ၏ သံတမန် (သို့မဟုတ်) ကောင်စစ်ဝန်ထမ်းများအကြားမှ ကိုယ်စားလှယ်များကို ခန့်အပ်ရမည် (သို့မဟုတ်) ၎င်းတို့အား ခန့်အပ်မည့်နိုင်ငံက သဘောတူခွင့်ပြုပါက အခြားသူများအကြားမှလည်း ခန့်အပ်နိုင်သည်။

**အပိုဒ် ( ၄ ) ကော်မရှင်နာချုပ်ခန့်အပ်ခြင်း**

(၁) ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ်ကို ၎င်းအား တရားဝင်ခန့်အပ်မည့်နိုင်ငံနှင့် ဆန့်ကျင်ဖက်တိုက်ခိုက်နေသော နိုင်ငံများကိုယ်စား ဆောင်ရွက်ပေးသည့် ကာကွယ်စောင့်ရှောက်သောနိုင်ငံများအကြား ပူးပေါင်း သဘောတူညီချက်ဖြင့် နိုင်ငံတကာ ပုဂ္ဂိုလ်များစာရင်းမှ ရွေးချယ်ရမည်။

(၂) သက်ဆိုင်ရာနိုင်ငံများသည် ဤကိစ္စနှင့်စပ်လျဉ်း၍ စတင်ဆွေးနွေးသည့်အချိန်မှ ရက်သတ္တပတ် ( ၃ ) ပတ်အတွင်းတွင် သဘောတူညီမှုမရရှိပါက ၎င်းတို့သည် နိုင်ငံတကာတရားရုံးဥက္ကဋ္ဌအား ကော်မရှင်နာချုပ် ခန့်အပ်ပေးပါရန် မေတ္တာရပ်ခံရမည်။ ယင်းကော်မရှင်နာချုပ်သည် ၎င်းအား တရားဝင်ခန့်အပ်သောနိုင်ငံက ၎င်းအား ခန့်အပ်ခြင်းကို အတည်ပြုမှသာလျှင် တာဝန်များကို စတင်ထမ်းဆောင်ရမည်။

**အပိုဒ် ( ၅ ) ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များ**

ကာကွယ်စောင့်ရှောက်သော ကိုယ်စားလှယ်များသည် ကွန်ဗင်းရှင်းကို ချိုးဖောက်မှုများအား သတိပြုခြင်း စုံစမ်းစစ်ဆေးခြင်းများကို ၎င်းတို့အား တရားဝင်ခန့်အပ်ထားသောနိုင်ငံ၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရမည်။ ၎င်းတို့အား ခန့်အပ်ထားသောနိုင်ငံ၏ သဘောတူညီမှုဖြင့် ယင်းချိုးဖောက်မှုများဖြစ်ပွားသော အခြေအနေများကို စုံစမ်းစစ်ဆေးရမည်။ ယင်းချိုးဖောက်မှုများရပ်တန့်ရန် အတွက် နယ်မြေဒေသအတွင်းတွင် ကန့်ကွက်ပြောဆိုတင်ပြမှုများ ပြုလုပ်ရမည်။ လိုအပ်ပါက ယင်းသို့သော ချိုးဖောက်မှုများကို ကော်မရှင်နာချုပ်အား အသိပေးအကြောင်းကြားရမည်။ မိမိတို့၏ လုပ်ငန်းများကို ကော်မရှင်နာချုပ်အား တင်ပြရမည်။

## အပိုဒ် ( ၆ ) ကော်မရှင်နာချုပ်၏ လုပ်ငန်းတာဝန်များ

(၁) ယဉ်ကျေးမှုပစ္စည်း ကော်မရှင်နာချုပ်သည် ကွန်ဗင်းရှင်းကို လက်တွေ့ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ ၎င်းထံသို့ တင်ပြလာသော ကိစ္စရပ်များအားလုံးကို ကိုင်တွယ်ဆောင်ရွက်ရမည်။ ၎င်းအား တရားဝင်ခန့်အပ်ထားသော နိုင်ငံ၏ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။

(၂) ယခုစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဖြစ်ရပ်များ၌ ကော်မရှင်နာချုပ်သည် ဆုံးဖြတ်ရန်နှင့် ခန့်အပ်ရန် လုပ်ပိုင်ခွင့်များရှိသည်။

(၃) ကော်မရှင်နာချုပ်သည် ၎င်းအား တရားဝင်ခန့်အပ်ထားသော ကွန်ဗင်းရှင်းဝင်နိုင်ငံ၏ သဘောတူညီချက်ဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ပေးခြင်း၊ မိမိကိုယ်တိုင် စုံစမ်းစစ်ဆေး ခြင်းများပြုလုပ်ရန် အခွင့်အရေးရှိစေရမည်။

(၄) ကော်မရှင်နာချုပ်သည် ကွန်ဗင်းရှင်းကို လက်တွေ့ကျင့်သုံးခြင်းအတွက် အသုံးဝင်သည်ဟု ၎င်းယူဆသော ပဋိပက္ခမှတွင်ပါဝင်သောနိုင်ငံများ (သို့မဟုတ်) ၎င်းတို့ကို ကာကွယ်စောင့်ရှောက် သောနိုင်ငံများထံသို့ ကန့်ကွက်ပြောဆိုခြင်းများ ပြုလုပ်နိုင်သည်။

(၅) ကော်မရှင်နာချုပ်သည် ကွန်ဗင်းရှင်း လက်တွေ့ကျင့်သုံးခြင်းဆိုင်ရာ လိုအပ်သော အစီရင်ခံစာ များကို ရေးဆွဲပြီး ယင်းအစီရင်ခံစာများကို သက်ဆိုင်ရာနိုင်ငံများနှင့် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်သောနိုင်ငံများထံသို့ ဆက်သွယ်ပေးပို့ရမည်။ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ မိတ္တူများ ပေးပို့ရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ယင်းအစီရင်ခံစာများတွင် ပါဝင်သည့် နည်းပညာဆိုင်ရာ အကြောင်းအရာများကိုသာလျှင် အသုံး ပြုနိုင်သည်။

(၆) ကာကွယ်စောင့်ရှောက်သောနိုင်ငံမရှိပါက ကော်မရှင်နာချုပ်သည် ကွန်ဗင်းရှင်း အပိုဒ် (၂၁) နှင့် (၂၂) တို့တွင် သတ်မှတ်ထားသည့်အတိုင်း ကာကွယ်စောင့်ရှောက် သောနိုင်ငံ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အပိုဒ် ( ၇ ) စစ်ဆေးသူများနှင့်ကျွမ်းကျင်သူများ

(၁) ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ်က လိုအပ်သည်ဟုယူဆသည့် အခါတိုင်း သက်ဆိုင်ရာကိုယ်စားလှယ်များက မေတ္တာရပ်ခံသည်ဖြစ်စေ၊ ၎င်းတို့နှင့်

တိုင်ပင် ဆွေးနွေးပြီးဖြစ်စေ ကော်မရှင်နာချုပ်သည် ၎င်းအား တရားဝင်ခန့်အပ်ထားသောနိုင်ငံ၏ သဘောတူညီ ခွင့်ပြုချက်ဖြင့် အတိအကျသတ်မှတ်ဖော်ပြထားသော လုပ်ငန်းတာဝန်ပေးအပ်ရန် ယဉ်ကျေးမှုပစ္စည်း စစ်ဆေးသူတစ်ဦးခန့်အပ်ရေး အဆိုပြုရမည်။ စစ်ဆေးသူသည် ကော်မရှင်နာချုပ်ထံသို့ သာလျှင် တာဝန်ခံစေရမည်။

(၂) ကော်မရှင်နာချုပ်၊ ကိုယ်စားလှယ်များနှင့် စစ်ဆေးသူများသည် ကျွမ်းကျင်သူများ၏ ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သည်။ ယခင်စာပိုဒ်တွင်ဖော်ပြထားသော စချုပ်ပါ ကွန်ဗင်းရှင်းဝင်နိုင်ငံ၏ သဘောတူခွင့်ပြုချက်ဖြင့် ကျွမ်းကျင်သူများကိုလည်း အဆိုပြုရန်ဖြစ်သည်။

## အပိုဒ် ( ၈ ) ထိန်းချုပ်မှုလုပ်ငန်းတာဝန် ထမ်းဆောင်ခြင်း

ယဉ်ကျေးမှုပစ္စည်း ကော်မရှင်နာချုပ်၊ ကာကွယ်စောင့်ရှောက်သော နိုင်ငံများ၏ ကိုယ်စားလှယ် များ၊ စစ်ဆေးသူများနှင့် ကျွမ်းကျင်သူများသည် မည်သည့်ဖြစ်ရပ်တွင်မဆို ၎င်းတို့၏ လုပ်ပိုင်ခွင့် ကို မကျော်လွန်စေရပါ။ အထူးသဖြင့် ၎င်းတို့သည် ၎င်းတို့အား တရားဝင်ခန့်အပ် စေလွှတ်သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး၏ လုပ်ငန်းလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည်။ အခြေအနေများ အားလုံးတွင် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးက ၎င်းတို့အား ဆက်သွယ်ပြောကြားလာသည့် စစ်ရေးအခြေအနေ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အပိုဒ် ( ၉ ) ကာကွယ်စောင့်ရှောက်သောနိုင်ငံများကို အစားထိုးလဲလှယ်ခြင်း

ပဋိပက္ခတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံသည် ကာကွယ်စောင့်ရှောက်သော နိုင်ငံတစ်နိုင်ငံ၏ လုပ်ဆောင်ချက်များကြောင့် အကျိုးကျေးဇူးမဖြစ်ထွန်းလျှင် (သို့မဟုတ်) အကျိုးကျေးဇူးဖြစ်ထွန်း မှုရပ်ဆိုင်းသွားလျှင် ကြားနေနိုင်ငံ ( ၁ ) နိုင်ငံအား အထက်ဖော်ပြပါ အပိုဒ် ( ၄ ) တွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ ယဉ်ကျေးမှုပစ္စည်း အတွက် ကော်မရှင်နာချုပ် ခန့်အပ်ခြင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်သောနိုင်ငံ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်စေနိုင်သည်။ ယင်းသို့ ခန့်အပ်ထားသော ကော်မရှင်နာချုပ်သည် လိုအပ်ပါက ယခုစည်းမျဉ်းများတွင် ဖော်ပြထားသည့် ကာကွယ်စောင့်ရှောက်သော နိုင်ငံများ၏ ကိုယ်စားလှယ် လုပ်ငန်းတာဝန်များကို စစ်ဆေးသူများအား အပ်နှံနိုင်သည်။

### အပိုဒ် ( ၁၀ ) အသုံးစရိတ်များ

ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ် စစ်ဆေးသူများနှင့် ကျွမ်းကျင်သူများ၏ လစာနှင့်အသုံးစရိတ်များကို ၎င်းတို့အား တရားဝင်ခန့်အပ်စေလွှတ်၍ တာဝန်ထမ်းဆောင်စေသည့်နိုင်ငံက ကျခံရမည်။ ကာကွယ်စောင့်ရှောက်သောနိုင်ငံများ၏ ကိုယ်စားလှယ်များအတွက် လစာနှင့် ကုန်ကျစရိတ်များသည် ယင်းနိုင်ငံများနှင့် ၎င်းတို့က အကျိုးစီးပွားကာကွယ်စောင့်ရှောက်ပေးသော နိုင်ငံများ အကြား သဘောတူညီချက်အရ သတ်မှတ်ရမည်။

## အခန်း ( ၂ ) အထူးကာကွယ်စောင့်ရှောက်ခြင်း

### အပိုဒ် ( ၁၁ ) ယာယီစောင့်ရှောက်သည့် နေရာဌာနများ

(၁) လက်နက်ကိုင်ပဋိပက္ခတစ်ရပ်အတွင်းတွင် ကွန်ဗင်းရှင်းဝင် မည်သည့် နိုင်ငံမဆို ကြိုတင်မျှော်မှန်းနိုင်ခြင်းမရှိသော အခြေအနေများကြောင့် ယာယီစောင့်ရှောက်ရာ နေရာဌာနတစ်ခုတည်ထောင်ရန် ဆန္ဒရှိပြီး ယင်းနေရာဌာနကို အထူး ကာကွယ်စောင့်ရှောက်မှု ပေးစေလိုပါက ကွန်ဗင်းရှင်းဝင် ယင်းနိုင်ငံကြီးသည် ဤအချက်ကို ချက်ချင်း သက်ဆိုင်ရာနိုင်ငံသို့ တရားဝင်တာဝန်ပေးစေလွှတ်ထားသော ကော်မရှင်နာချုပ်ထံသို့ ဤအချက်ကို ချက်ချင်းအကြောင်းကြားရမည်။

(၂) အကယ်၍ ကော်မရှင်နာချုပ်က အခြေအနေအရလည်းကောင်း၊ ယာယီစောင့်ရှောက်ရာ နေရာဌာနတွင် စောင့်ရှောက်ထားသော ယဉ်ကျေးမှုပစ္စည်း၏ အရေးကြီးမှုအရ လည်းကောင်း၊ ယင်းသို့သော ဆောင်ရွက်ချက်မှာ အကြောင်းနိုင်လုံသည်ဟု မယူဆပါက ကော်မရှင်နာချုပ်သည် ကွန်ဗင်းရှင်း အပိုဒ် ( ၁၆ ) တွင် သတ်မှတ်ဖော်ပြထားသော သိသာထင်ရှားသည့် အမှတ်သင်္ကေတကို ယင်းစောင့်ရှောက်သည့်နေရာဌာနပေါ်တွင် ပြသထားရန်၊ ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးအား ခွင့်ပြုနိုင်သည်။ ကော်မရှင်နာချုပ်သည် ၎င်း၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ ကာကွယ်စောင့်ရှောက်သောနိုင်ငံများ၏ ကိုယ်စားလှယ်များထံသို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ အသိပေး အကြောင်းကြားရမည်။ ယင်းကိုယ်စားလှယ်များကလည်း ရက် ( ၃၀ ) အချိန်ကန့်သတ်ချက် အတွင်းတွင် အထိမ်းအမှတ် သင်္ကေတကို ချက်ချင်းရုတ်သိမ်းရန် အမိန့်ထုတ်နိုင်သည်။

(၃) ယင်းသို့သော ကိုယ်စားလှယ်များက သဘောတူညီကြောင်း ဖော်ပြသော အခါ (သို့မဟုတ်) သက်ဆိုင်ရာကိုယ်စားလှယ် တစ်စုံတစ်ဦးကမျှ ကန့်ကွက်ခြင်းမရှိဘဲ

ရက် ( ၃၀ ) အချိန်ကာလ ကန့်သတ်ချက် ကျော်လွန်သွားသောအခါတွင် ကော်မရှင်နာချုပ်၏ ရှုမြင်ပုံအရ ကာကွယ်စောင့်ရှောက်သော နေရာဌာနသည် ကွန်ဗင်းရှင်းအပိုဒ် ( ၈ ) တွင် သတ်မှတ်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ပြည့်မီသည်ဟု ယူဆလျှင် ကော်မရှင်နာချုပ်သည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အား ကာကွယ်စောင့်ရှောက်သော နေရာဌာနကို အထူးကာကွယ်ပေးသော ယဉ်ကျေးမှုပစ္စည်းမှတ်တမ်းတွင် ထည့်သွင်းရန် မေတ္တာရပ်ခံရမည်။

**အပိုဒ် ( ၁၂ ) အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော ယဉ်ကျေးမှုပစ္စည်း နိုင်ငံတကာ မှတ်တမ်း**

(၁) အထူးကာကွယ်စောင့်ရှောက်ထားသော ယဉ်ကျေးမှုပစ္စည်း နိုင်ငံတကာမှတ်တမ်းကို ရေးသား ပြုစုရမည်။

(၂) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် ၎င်းမှတ်တမ်းကို ပြုစုထိန်းသိမ်းထားရှိရမည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ လည်းကောင်း၊ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများ ထံသို့လည်းကောင်း ၎င်းမှတ်တမ်း မိတ္တူများကို ပေးပို့ရမည်။

(၃) မှတ်တမ်းကို အပိုင်းများ ခွဲခြားထားရှိရမည်။ အပိုင်း ( ၁ ) ပိုင်းစီကို ကွန်ဗင်းရှင်းဝင် နိုင်ငံကြီး များအမည်ဖြင့် ထားရှိရန်ဖြစ်သည်။ အပိုင်း ( ၁ ) ပိုင်းစီကို ထပ်မံ၍ စာပိုဒ် ( ၃ ) ပိုဒ်ခွဲခြားပြီး စောင့်ရှောက်ရာနေရာဌာနများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ ပါဝင်သည့် ဗဟိုဌာနများနှင့် အခြားမရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်း များဟူ၍ ခေါင်းစဉ်တပ်ရမည်။ ညွှန်ကြားရေးမှူးချုပ်သည် အပိုင်း ( ၁ ) ပိုင်းစီတွင် မည်သို့သော အသေးစိတ်အချက်အလက်များ ပါဝင်ရမည်ကို သတ်မှတ်ဆုံးဖြတ် ရမည်။

**အပိုဒ် ( ၁၃ ) မှတ်တမ်းရေးသွင်းရန် မေတ္တာရပ်ခံခြင်းများ**

(၁) ကွန်ဗင်းရှင်းဝင် မည်သည့်နိုင်ငံကြီးမဆို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ မိမိ၏ ပိုင်နက်နယ်မြေအတွင်း တည်ရှိသော ထိန်းသိမ်း စောင့်ရှောက်သည့် နေရာဌာနများ၊ အထိမ်းအမှတ် ပစ္စည်းများ၊ အဆောက်အဦများ ပါဝင်သည့် နေရာဌာနများ (သို့မဟုတ်) အခြား မရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုပစ္စည်းများကို မှတ်တမ်းအတွင်း ထည့်သွင်းရန်

လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားရာတွင် ယင်းသို့သော ယဉ်ကျေးမှုပစ္စည်း၏ တည်နေရာဖော်ပြချက် ပါဝင်ရမည်။ ယင်းယဉ်ကျေးမှုပစ္စည်းသည် ကွန်ဗင်းရှင်း အပိုဒ် (၈)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြရမည်။

(၂) သိမ်းပိုက်မှုဖြစ်ပွားပါက သိမ်းပိုက်သောနိုင်ငံသည် ယင်းသို့သော လျှောက်ထားမှုပြုလုပ်ရန် ပြုလုပ်ခွင့်ရှိစေရမည်။

(၃) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ရန် လျှောက်ထားခြင်းများ လျှောက်ထားလာပါက လျှောက်ထားချက်မိတ္တူများကို ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများ တစ်နိုင်ငံစီထံသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပေးပို့ရမည်။

**အပိုဒ် ( ၁၄ ) ကန့်ကွက်ခြင်း**

(၁) ကွန်ဗင်းရှင်းဝင် မည်သည့်နိုင်ငံကြီးမဆို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ လိပ်မူ၍ စာရေးသားပေးပို့လျက် ယဉ်ကျေးမှုပစ္စည်း မှတ်ပုံတင်ခြင်းကို ကန့်ကွက်နိုင်သည်။ ဤစာကို ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်ရန် လျှောက်ထားလွှာ မိတ္တူပေးပို့သည့်နေ့မှ ( ၄ ) လအတွင်း ၎င်းထံသို့အရောက် ပေးပို့ရမည်။

(၂) ယင်းသို့ ကန့်ကွက်သည်ဆိုပါက ကန့်ကွက်ချက်ပြုလုပ်ရခြင်းအကြောင်းရင်းများကို ဖော်ပြရမည်။

ယင်းသို့ ဖော်ပြရာတွင် ခိုင်လုံသောအကြောင်းရင်းများမှာ အောက်ပါတို့သာလျှင် ဖြစ်စေရမည် -

(က) သက်ဆိုင်ရာပစ္စည်းမှာ ယဉ်ကျေးမှုပစ္စည်းမဟုတ်ခြင်း။

(ခ) သက်ဆိုင်ရာပစ္စည်းသည် ကွန်ဗင်းရှင်း အပိုဒ် ( ၈ ) တွင်ဖော်ပြထားသော သတ်မှတ်ချက် များနှင့်မကိုက်ညီခြင်း။

(၃) ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ချက် စာမိတ္တူကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများထံသို့ ပေးပို့ရမည်။ လိုအပ်ပါက အထိမ်းအမှတ် အဆောက်အဦပစ္စည်းများ၊ အနုပညာနှင့် သမိုင်းဝင်နေရာဌာန

များနှင့် ရေးပေါင်းသုတေ သနတူးဖော် ခြင်းများဆိုင်ရာ နိုင်ငံတကာကော်မတီ၏ အကြံဉာဏ်ကိုရယူပြီး သင့်တော်သည်ဟု ထင်မြင်ယူဆပါက အခြားလုပ်ပိုင်ခွင့် ရှိသော အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်၏ အကြံဉာဏ်ကိုလည်း တောင်းခံရမည်။

(၄) ညွန်ကြားရေးမှူးချုပ် (သို့မဟုတ်) မှတ်ပုံတင်ရန် မေတ္တာရပ်ခံသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသည် ကန့်ကွက်ချက်တင်သွင်းသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးထံသို့ ယင်းကန့်ကွက်ချက်ကို ရုတ်သိမ်းရန်အလို့ငှာ ၎င်းတို့ လိုအပ်သည်ဟုယူဆသော မည်သည့် တင်ပြချက်ကိုမဆို ပြုလုပ်နိုင်သည်။

(၅) ငြိမ်းချမ်းသောအချိန်ကာလတွင် မှတ်ပုံတင်ရန်လျှောက်ထားသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံသည် မှတ်ပုံတင်ခြင်းမပြုလုပ်မီ လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်လာပါက သက်ဆိုင်ရာယဉ်ကျေးမှုပစ္စည်းအား ချက်ချင်း မှတ်တမ်းတွင် ယာယီထည့်သွင်းရမည်။ ညွှန်ကြားရေးမှူးချုပ်က ထည့်သွင်းရန်ဖြစ်သည်။ ကန့်ကွက်ချက် ပြုလုပ်ထားပြီးသော (သို့မဟုတ်) ပြုလုပ်နိုင်ဖွယ်ရာရှိသော ကန့်ကွက်ချက်တစ်စုံတစ်ရာကို အတည်ပြုခြင်း၊ ရုတ်သိမ်းခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းမပြုလုပ်မီ ညွှန်ကြားရေးမှူးချုပ်က ယာယီမှတ်တမ်းတွင် ထည့်သွင်းရန်ဖြစ်သည်။

(၆) ကန့်ကွက်စာ လက်ခံရရှိသည့်ရက်စွဲမှ ( ၆ ) လတာကာလအတွင်းတွင် ညွှန်ကြားရေးမှူးချုပ်သည် ကန့်ကွက်ချက်တင်သွင်းသော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးထံမှ ကန့်ကွက်ချက်ကို ရုတ်သိမ်းကြောင်းဖော်ပြသည့် အကြောင်းကြားစာ မရရှိလျှင် မှတ်ပုံတင်ရန် လျှောက်ထား သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသည် အောက်ဖော်ပြပါစာပိုဒ်ရှိ လုပ်ထုံးလုပ်နည်းနှင့်အညီ အနုညာတ စီရင်ရန် မေတ္တာရပ်ခံနိုင်သည်။

(၇) ယင်းသို့ စီရင်ဆုံးဖြတ်ရန် မေတ္တာရပ်ခံချက်ကို ညွှန်ကြားရေးမှူးချုပ်က ကန့်ကွက်စာ လက်ခံရရှိသည့်ရက်စွဲမှ ( ၁ ) နှစ်ထက်ကျော်လွန်ပြီးနောက် မပြုလုပ်ရပါ။ အငြင်းပွားမှုတွင်ပါဝင်သော နိုင်ငံနှစ်နိုင်ငံစလုံးသည် အနုညာတ စီရင်ဆုံးဖြတ်မည့်သူကို ခန့်အပ်ရမည်။ မှတ်ပုံတင်ရန် လျှောက်ထားချက်အား ကန့်ကွက်ချက်တစ်ခုထက်ပို၍ တင်သွင်းလာပါကကန့်ကွက်ချက်များ တင်သွင်းသော ကွန်ဗင်းရှင်းတွင်ပါဝင်သည့် နိုင်ငံကြီးများသည် အားလုံး

သဘောတူညီမှုဖြင့် အနုညာတ စီရင်ဆုံးဖြတ်သူ တစ်ဦးတည်းကိုသာ ခန့်အပ်ရမည်။ ဤ အနုညာတ စီရင်သူ နှစ်ဦးသည် ယခု စည်းမျဉ်းများ အပိုဒ် ( ၁ )တွင် ဖော်ပြထားသော နိုင်ငံတကာစာရင်းမှ အနုညာတစီရင် ဦးစီးမည့်သူ တစ်ဦးကို ရွေးချယ်ရမည်။ အကယ်၍ ယင်းသို့သော အနုညာတစီရင်သူများသည် မည်သူ့ကို ရွေးချယ်ရမည်ဖြစ်ကြောင်း သဘောတူညီနိုင်ခြင်း မရှိပါက နိုင်ငံတကာတရားရုံး ဥက္ကဋ္ဌအား အနုညာတစီရင် ဦးစီးမည့်သူတစ်ဦးကို ခန့်ထားပေးရေး အတွက် တင်ပြနိုင်သည်။ နိုင်ငံတကာတရားရုံး ဥက္ကဋ္ဌသည် နိုင်ငံတကာစာရင်းမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ရွေးချယ်ရမည်။ တထစ်ချမဆိုနိုင်ပါ။ ယင်းသို့ ဖွဲ့စည်းထားသော အနုညာတ စီရင်မည့်အဖွဲ့သည် မိမိတို့လိုက်နာမည့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ရမည်။ ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်း မပြုလုပ်နိုင်ပါ။

(၈) ကွန်ဗင်းရှင်းတွင်ပါဝင်သော နိုင်ငံကြီးတစ်နိုင်ငံသည် အငြင်းပွားမှုတစ်ခုခုတွင် ၎င်းပါဝင်တိုင်း အထက်ဖော်ပြပါ စာပိုဒ်တွင် သတ်မှတ်ထားသည့် အနုညာတ လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခြင်းမပြုလုပ်ပါက ယင်းသို့ မပြုလုပ်ကြောင်း ကြေညာနိုင်ခွင့်ရှိသည်။ ယင်းသို့ ကြေညာမည်ဆိုပါက မှတ်ပုံတင်ရန် လျှောက်ထားခြင်းအား ကန့်ကွက်ချက်ကို ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများသို့ ညွှန်ကြားရေးမှူးချုပ်က တင်သွင်းရမည်။ ကန့်ကွက်ချက်ကို မဲပေးသော ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးများ အနက် ( ၃ ) ပုံ ( ၂ ) ပုံ အများစုက ဆုံးဖြတ်မှသာလျှင် ကန့်ကွက်ချက်ကို အတည်ပြုရမည်။ မဲပေးရာ၌ ကွန်ဗင်းရှင်းအပိုဒ် ( ၂၇ ) က ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှင်းထားသော လုပ်ပိုင်ခွင့် များအရ ညွှန်ကြားရေးမှူးချုပ်သည် အစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ယူဆသောအခါမှတပါး မဲကိုစာပေးစာယူစနစ်ဖြင့် ပေးစေနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်က စာပေးစာယူစနစ်ဖြင့် မဲပေးခြင်းကို ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်လျှင် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအား စာပေးစာယူဖြင့်မဲပေးရန် ဖိတ်ခေါ်ခြင်းခံရသည့်နေ့မှ ( ၆ ) လအတွင်းတွင် ချိတ်ပိတ်ထားသောစာဖြင့် မဲများကိုပေးပို့ရန် ဖိတ်ခေါ်ရမည်။

**အပိုဒ် ( ၁၅ ) မှတ်တမ်းရေးသွင်းခြင်း**

(၁) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် မှတ်တမ်း ရေးသွင်းရန် လျှောက်ထားလာသော ယဉ်ကျေးမှုပစ္စည်းတစ်ခုစီကို အမှတ်စဉ်အလိုက် မှတ်တမ်း တွင် ရေးသွင်းစေရမည်။ အပိုဒ် ( ၁၄ ) စာပိုဒ်

( ၁ ) တွင် သတ်မှတ်ဖော်ပြထားသော အချိန် ကာလသတ်မှတ်ချက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာ လက်ခံရရှိခြင်းမရှိပါက မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။

(၂) ကန့်ကွက်ချက်ပြုလုပ်လာပါက အပိုဒ် ( ၁၄ ) စာပိုဒ် ( ၅ ) ပါ သတ်မှတ်ချက်များကို မထိခိုက်စေဘဲ ညွှန်ကြားရေးမှူးချုပ်သည် ကန့်ကွက်ချက်ကို ရုတ်သိမ်းပြီးဖြစ်မှသာလျှင် (သို့မဟုတ်) အပိုဒ် ( ၁၄ ) စာပိုဒ် ( ၇ ) (သို့မဟုတ်) စာပိုဒ် ( ၈ ) တစ်ခုခုတွင် သတ်မှတ် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက် အတည်ပြုရန် ပျက်ကွက်ခြင်း ဖြစ်မှသာလျှင် ယဉ်ကျေးမှုပစ္စည်းကို မှတ်တမ်းတွင် ရေးသွင်းရမည်။

(၃) အပိုဒ် ( ၁၁ ) စာပိုဒ် ( ၃ ) အကျုံးဝင်သည့်အခါတိုင်း ညွှန်ကြားရေးမှူးချုပ်သည် ယဉ်ကျေးမှု ပစ္စည်း ကော်မရှင်နာချုပ်က ယဉ်ကျေးမှုပစ္စည်းကို မှတ်တမ်းတွင် ရေးသွင်းရန်မေတ္တာရပ်ခံ လာပါက ယင်းသို့ ရေးသွင်းရမည်။

(၄) ညွှန်ကြားရေးမှူးချုပ်သည် မှတ်တမ်းတွင် ရေးသွင်းချက် အားလုံး၏ မိတ္တူမှန်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသို့လည်းကောင်း၊ မှတ်တမ်းရေးသွင်းရန် လျှောက်ထားသော နိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ကွန်ဗင်းရှင်း အပိုဒ် ( ၃၀ ) နှင့် ( ၃၂ ) တို့တွင် ရည်ညွှန်းဖော်ပြထားသော အခြားနိုင်ငံများအားလုံးသို့လည်းကောင်း နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပေးပို့ရမည်။ ရေးသွင်းချက်များသည် ယင်းသို့သော မိတ္တူမှန်များ ပေးပို့ပြီးနောက် ရက်ပေါင်း ( ၃၀ ) အကြာတွင် အသက်ဝင်စေရမည်။

**အပိုဒ် ( ၁၆ ) ပယ်ဖျက်ခြင်း**

(၁) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် မည်သည့် ယဉ်ကျေးမှုပစ္စည်းအား မှတ်ပုံတင်ခြင်းကိုမဆို အောက်ပါအခြေအနေများတွင် ပယ်ဖျက်ရမည် -

(က) ယဉ်ကျေးမှုပစ္စည်းတည်ရှိသော နယ်မြေကိုပိုင်ဆိုင်သည့် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး၏ မေတ္တာရပ်ခံချက်အရလည်းကောင်း၊

(ခ) မှတ်တမ်းရေးသွင်းရန် မေတ္တာရပ်ခံခဲ့သော ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသည် ကွန်ဗင်းရှင်းကို ရုံ့ချပြီးနောက် ယင်းရုံ့ချချက်သည် အသက်ဝင်ပြီးဖြစ် သောအခါတွင် လည်းကောင်း၊

(ဂ) ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် သည် မှတ်ပုံတင်ရန် အပိုဒ် ( ၁၄ ) စာပိုဒ် ( ၅ ) တွင် သတ်မှတ်ဖော်ပြ ထားသည့် အထူးဖြစ်ရပ်တွင် အပိုဒ် ( ၁၄ ) စာပိုဒ် ( ၇ ) (သို့မဟုတ်) စာပိုဒ် ( ၈ ) တွင်ဖော်ပြထားသော လုပ်ထုံးလုပ်နည်း အတိုင်းလိုက်နာ၍ ကန့်ကွက်ချက်ကို အတည်ပြုပြီးဖြစ်သောအခါတွင်လည်းကောင်း၊

(၂) ညွှန်ကြားရေးမှူးချုပ်သည် ပယ်ဖျက်ပြီးကြောင်း မိတ္တူမှန်ကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့လည်းကောင်း၊ မှတ်တမ်းရေးသွင်းချက် မိတ္တူလက်ခံရရှိသည့် နိုင်ငံများ အားလုံးသို့လည်းကောင်း နှောင့်နှေးကြန့်ကြာ ခြင်းမရှိဘဲ ပေးပို့ရမည်။ ယင်းသို့သော မိတ္တူများ ပေးပို့ပြီးနောက် ရက် ( ၃၀ ) အကြာတွင် ပယ်ဖျက်ချက် အတည်ဖြစ်စေရမည်။

## <u>အခန်း ( ၃ ) ယဉ်ကျေးမှုပစ္စည်း သယ်ယူပို့ဆောင်ခြင်း</u>

## အပိုဒ် ( ၁၇ ) ကင်းလွတ်ခွင့်ရယူသည့် လုပ်ထုံးလုပ်နည်း

(၁) ကွန်ဗင်းရှင်း အပိုဒ် ( ၁၂ ) စာပိုဒ် ( ၁ ) တွင်ဖော်ပြထားသော မေတ္တာရပ်ခံချက်ကို ယဉ်ကျေးမှုပစ္စည်း ကော်မရှင်နာချုပ်ထံသို့ ပေးပို့ရမည်။ ယင်းမေတ္တာရပ်ခံချက်တွင် မေတ္တာ ရပ်ခံပြုလုပ်ရသည့် အခြေခံအကြောင်းရင်းများကို ဖော်ပြသည့် ရွှေ့ပြောင်းမည့် အရာဝတ္ထု ပစ္စည်းများ၏ ခန့်မှန်းအရေအတွက်နှင့် အရေးပါမှု၊ ၎င်းတို့၏ လက်ရှိ တည်နေရာ၊ ယခုမျှော်မှန်းထားသော တည်နေရာ၊ အသုံးပြုမည့် သယ်ယူပို့ဆောင်မည့်နည်းလမ်း၊ သွားရောက်မည့်လမ်းကြောင်း၊ ရွှေ့ပြောင်းရန် စိတ်ကူးထားသော ရက်စွဲနှင့် အခြားသက်ဆိုင်ရာ အချက်အလက်များကို ဖော်ပြရ မည်။

(၂) ကော်မရှင်နာချုပ်သည် ၎င်းက သင့်တော်သည်ဟုယူဆသော ထင်မြင်ချက်များကို ရယူ ပြီးနောက် ယင်းသို့ ရွှေ့ပြောင်းခြင်းမှာ အကြောင်းခိုင်လုံသည်ဟု ယူဆပါက သက်ဆိုင်ရာ ကာကွယ်စောင့်ရှောက်သောနိုင်ငံများမှ ကိုယ်စားလှယ်များကို တိုင်ပင်ဆွေးနွေးရမည်။ ယင်းသို့ ရွှေ့ပြောင်းမှုပြုလုပ်ရန်အတွက် အဆိုပြုထားသော အစီအမံများနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေး ရန်ဖြစ်သည်။ ယင်းသို့ တိုင်ပင်

ဆွေးနွေးပြီးနောက် ကော်မရှင်နာချုပ်သည် သက်ဆိုင်ရာ ပဋိပက္ခမှုတွင် ပါဝင်သော နိုင်ငံများအား ပစ္စည်းများ ရွှေ့ပြောင်းမည့်အကြောင်းကို အသိပေးအကြောင်း ကြားရမည်။ ယင်းသို့ အသိပေးအကြောင်းကြားရာတွင် အသုံးဝင်မည့် သတင်း အချက်အလက်များအားလုံးကို ထည့်သွင်းရမည်။

(၃) ကော်မရှင်နာချုပ်သည် စစ်ဆေးသူ တစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပို၍ ခန့်ထားရမည်။ ၎င်းစစ်ဆေးသူများသည် မေတ္တာရပ်ခံချက်တွင်ဖော်ပြထားသော ယဉ်ကျေးမှုပစ္စည်းကိုသာလျှင် ရွှေ့ပြောင်းရန်နှင့် သယ်ယူပို့ဆောင်ခြင်းကို ခွင့်ပြုထားသော နည်းလမ်းများဖြင့်သာလျှင် လုပ်ဆောင် ရန်၊ သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတတပ်ဆင်ထားရှိရန်၊ ကျေနပ်မှုရှိသည်အထိ စစ်ဆေး ရမည်။ စစ်ဆေးသူ (သို့မဟုတ်) စစ်ဆေးသူများသည် ယဉ်ကျေးမှု ပစ္စည်းအား ခရီးပန်းတိုင်သို့ ရောက်သည်အထိ အတူလိုက်ပါရမည်။

**အပိုဒ် ( ၁၈ ) ပြည်ပသို့ သယ်ယူပို့ဆောင်ခြင်း**

ကာကွယ်စောင့်ရှောက်လျှက် နေရာရွှေ့ပြောင်းခြင်းမှာ အခြားနိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေသို့ ရွှေ့ပြောင်းခြင်းဖြစ်ပါက ကွန်ဗင်းရှင်း အပိုဒ် ( ၁၂ ) နှင့် ယခုစည်းမျဉ်း အပိုဒ် ( ၁၇ ) တို့ဖြင့် သာလျှင် စည်းမျဉ်းထိန်းချုပ်ရန်မဟုတ်ဘဲ အောက်ဖော်ပြပါ နောက်ထပ်သတ်မှတ်ချက်များ ဖြင့်လည်း စည်းမျဉ်းထိန်းချုပ်ရန်ဖြစ်သည် –

(က) ယဉ်ကျေးမှုပစ္စည်းသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေတွင် ရှိနေစဉ်အတွင်း ယင်းနိုင်ငံသည် ယင်းပစ္စည်းကို အပ်နှံထားခြင်းအား လက်ခံသည့်နိုင်ငံ ဖြစ်စေရမည်။ မိမိနိုင်ငံပိုင် အလားတူ အရေးပါသော ယဉ်ကျေးမှုပစ္စည်းအား ကာကွယ်စောင့်ရှောက်သည့် အစီအမံကဲ့သို့ပင် အလားတူ အစီအမံများကို ဆောင်ရွက်ပေးရမည်။

(ခ) ယဉ်ကျေးမှုပစ္စည်းကို အပ်နှံထားခြင်းအား လက်ခံသောနိုင်ငံသည် ပဋိပက္ခမှု ရပ်ဆိုင်းသွားမှ သာလျှင် ယင်းပစ္စည်းကို ပြန်လည်ပေးပို့ရမည်။ ယင်းသို့ ပြန်လည်ပေးပို့ခြင်းအား ပြန်လည် ပေးပို့ရန် မေတ္တာရပ်ခံသည့် ရက်စွဲမှ ( ၆ ) လအတွင်း ဆောင်ရွက်ပေးရမည်။

(ဂ) နေရာရွှေ့ပြောင်းသည့်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေစဉ်အတွင်းတွင် ယဉ်ကျေးမှု ပစ္စည်းသည် အခြားနိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်း

ရှိနေစဉ်၌ သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့် ရရှိစေရမည်။ အပ်နှံသော နိုင်ငံကလည်းကောင်း၊ အပ်နှံခြင်းခံရသော နိုင်ငံကလည်းကောင်း ထုခွဲ ရောင်းချခြင်းမပြုလုပ်ရ။ သို့ရာတွင် ပိုင်ဆိုင်သည့် ယဉ်ကျေးမှုပစ္စည်း အန္တရာယ်ကင်းရှင်းရန်အတွက် လိုအပ်ပါက အပ်နှံထားခြင်းကို လက်ခံ သောနိုင်ငံသည် အပ်နှံသောနိုင်ငံ၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှု ပစ္စည်းကို တတိယနိုင်ငံ တစ်နိုင်ငံပိုင်နက်နယ်မြေသို့ ယခုအပိုဒ်တွင် ဖော်ပြထားသော သတ်မှတ်ချက်များအရ သယ်ယူပို့ဆောင် ထားရှိနိုင် သည်။

(ဃ) အထူးကာကွယ်စောင့်ရှောက်ရန် မေတ္တာရပ်ခံချက်တွင် ယဉ်ကျေးမှု ပစ္စည်းကို ရွှေ့ပြောင်း ပို့ဆောင်သည့် နယ်မြေကိုပိုင်ဆောင်သော နိုင်ငံက ယခုအပိုဒ်ပါ သတ်မှတ်ချက်များကို လက်ခံကြောင်း ဖော်ပြရမည်။

## အပိုဒ် ( ၁၉ ) သိမ်းပိုက်ခံနယ်မြေ

ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်ငံ၏နယ်မြေကို အခြားကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံက သိမ်းပိုက်ထားသည့် အခါတိုင်းတွင် ယဉ်ကျေးမှုပစ္စည်းများမှ စည်းမျဉ်းပါ အပိုဒ် ( ၁၇ ) ၌ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းကို လိုက်နာခြင်းမပြုနိုင်ဘဲ ပိုင်နက်နယ်မြေအတွင်း အခြားတစ်နေရာရှိ ထိန်းသိမ်းစောင့်ရှောက်ရာနေရာသို့ ရွှေ့ပြောင်း ခြင်းများ၊ ယင်းသို့ရွှေ့ပြောင်းခြင်း သည် ကွန်ဗင်းရှင်း အပိုဒ် ( ၄ ) ပါ အဓိပ္ပါယ်အရ မလျော်မကန်ရယူခြင်းဟု မယူဆစေရပါ။ ယဉ်ကျေးမှုပစ္စည်းအတွက် ကော်မရှင်နာချုပ်က ထုံးတမ်းစဉ်လာ ထိန်းသိမ်းစောင့်ရှောက်သူများ ကို တိုင်ပင်ဆွေးနွေးပြီးသောအခါတွင် ယင်းသို့ လွှဲပြောင်းခြင်းသည် အခြေအနေအရ လိုအပ်သည်ဟု စာဖြင့်ရေးသား ထောက်ခံပေးမည်ဆိုပါက မယူဆရန်ဖြစ်ပါသည်။

## <u>အခန်း ( ၄ ) သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတ</u>

## အပိုဒ် ( ၂၀ ) အထိမ်းအမှတ်သင်္ကေတတပ်ဆင်ခြင်း

(၁) သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတ ထားရှိခြင်းနှင့် ယင်းသင်္ကေတ မြင်သာ ထင်ရှားမှုအတိုင်းအတာသည် ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်ငံစီရှိ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များ၏ ချင့်ချိန်မှုအရ ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းသင်္ကေတကို အလံများ (သို့မဟုတ်) လက်နက် ငယ်များပေါ်တွင် ဖော်ပြနိုင်

သည်။ အရာဝတ္ထုပစ္စည်းပေါ်တွင် ဆေးဖြင့်ရေးချယ် ထားရှိနိုင်သည်။ (သို့မဟုတ်) သင့်တင့်လျောက်ပတ်သော ပုံသဏ္ဌာန်တစ်ခုခုဖြင့် ဖော်ပြနိုင်သည်။

(၂) သို့ရာတွင် ပိုမို၍ပြည့်စုံစွာ အမှတ်သင်္ကေတပြုလုပ်ခြင်းများအား ထိခိုက်မှုမရှိစေဘဲ အထိမ်းအမှတ်သင်္ကေတ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလာသောအခါနှင့် ကွန်ဗင်းရှင်း အပိုဒ် ( ၁၂ ) နှင့် ( ၁၃ ) တို့တွင် ဖော်ပြထားသော ဖြစ်ရပ်များတွင် နေ့အခါ၌ လေယာဉ်မှနေ၍ လည်းကောင်း၊ မြေပြင်မှနေ၍လည်းကောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်စေရန် သယ်ယူပို့ဆောင်ရေး ယာဉ်များပေါ်တွင် ထားရှိရမည်။ အောက်ပါနေရာများတွင် အထိမ်းအမှတ်သင်္ကေတသည် မြေပြင်မှ ရှင်းလင်းစွာမြင်နိုင်စေရမည် –

(က) အထူးကာကွယ်စောင့်ရှောက်မှု ရရှိထားသော အထိမ်းအမှတ် အဆောက်အဦ ပစ္စည်းများရှိ နေရာဌာန ပတ်ပတ်လည်ကို ရှင်းလင်းစွာ ဖော်ပြနိုင်လောက်အောင် လုံလောက်သော အကွာအဝေး ခြား၍ ဖော်ပြထားခြင်း။

(ခ) အထူးကာကွယ်စောင့်ရှောက်မှုပေးထားသော ရွှေ့ပြောင်းခြင်းမပြုနိုင်သည့် အခြားယဉ်ကျေးမှုပစ္စည်းတို့၏ ဝင်ပေါက်တွင် ဖော်ပြထားခြင်း။

## အပိုဒ် ( ၂၁ ) လူပုဂ္ဂိုလ်များကို ဖော်ထုတ်ခြင်း

(၁) ကွန်ဗင်းရှင်း အပိုဒ် ( ၁၇ ) စာပိုဒ် ( ၂ ) ( ခ ) နှင့် ( ဂ ) တို့တွင်ဖော်ပြထားသော လူပုဂ္ဂိုလ်များသည် သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတပါရှိသည့် လက်ပတ်များကို ဝတ်ဆင်နိုင်သည်။ ယင်းတို့ကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ထုတ်ပေး၍ တံဆိပ်တုံး ခတ်နှိပ်ရမည်။

(၂) ယင်းသို့သောသူများသည် သိသာထင်ရှားသော အထိမ်းအမှတ်သင်္ကေတပါရှိသည့် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် အထူးမှတ်ပုံတင်ကတ်ပြားများကို ကိုင်ဆောင်ရမည်။ ယင်းကတ်ပြားတွင် လူပုဂ္ဂိုလ်၏အမည်၊ မိသားစုအမည်၊ မွေးဖွားသည့်ရက်စွဲ၊ ရာထူး အလုပ်အကိုင်တို့ကို အနည်းဆုံးဖော်ပြရမည်။ ယင်းကတ်ပြားတွင် ကိုင်ဆောင်သူ၏ ဓာတ်ပုံ၊ လက်မှတ် (သို့မဟုတ်) လက်ဗွေ (သို့မဟုတ်) နှစ်ရပ်စလုံးကို ဖော်ပြရမည်။ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များ၏ ဖောင်းကြွတံဆိပ်တုံးလည်း ပါရှိရမည်။

(၃) ကွန်ဗင်းရှင်းဝင် နိုင်ငံကြီးတစ်နိုင်စီသည် မိမိကိုယ်ပိုင် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် မှတ်ပုံတင်ကတ်ပြားအမျိုးအစားကို ဖော်ပြရမည်။ ဥပမာအားဖြင့် ယခု စည်းမျဉ်းများတွင် နောက်ဆက်တွဲအဖြစ်ဖော်ပြထားသော နမူနာပုံစံကို လမ်းညွှန်အဖြစ်အသုံးပြုနိုင်သည်။ ကွန်ဗင်းရှင်း ဝင်နိုင်ငံကြီးများသည် အချင်းချင်းထံသို့ မိမိတို့အသုံးပြုနေသော ကတ်ပြားနမူနာကို ပေးပို့ရမည်။ ဖြစ်နိုင်ပါက မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြသည့် ကတ်ပြားများကို အနည်းဆုံး (၂) စုံမိတ္တူပွား၍ တစ်စုံကို ထုတ်ပေးသောနိုင်ငံက ထိန်းသိမ်းထားရှိရမည်။

(၄) အထက်ဖော်ပြပါ လူပုဂ္ဂိုလ်များသည် တရားဝင်အကြောင်းမရှိဘဲ ၎င်းတို့၏ မည်သူမည်ဝါ ဖြစ်ကြောင်းဖော်ပြသည့် မှတ်ပုံတင်ကတ်ပြားကို သိမ်းဆည်းခြင်း (သို့မဟုတ်) လက်ပတ်ဝင်ဆင် ခွင့်ကို ပယ်ဖျက်ခြင်းမပြုလုပ်ရပါ။

**ကွန်ဗင်းရှင်းလက်ခံသောအဖွဲ့**

ယူနက်စကို

**လက်မှတ်ရေးထိုး၊ ရန်ဖွင့်လှစ်သည့်ရက်စွဲ**

၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ ) ရက်နေ့မှ ဒီဇင်ဘာလ ( ၃၁ ) ရက်နေ့

ကွန်ဗင်းရှင်းကို အောက်ဖော်ပြပါနိုင်ငံများက လက်မှတ်ရေးထိုးကြပါသည် –

| | |
|---|---|
| အင်ဒိုရာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဩစတြေးလျနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဩစတြီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| ဘယ် (လ်)ဂျီယံနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဘရာဇီးနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| မြန်မာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| ဘိုင်လိုရုရှဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| တရုတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ကျူးဘားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ချက်ကိုစလိုဗက်ကီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊အောက်တိုဘာလ ၁၈ရက် |
| ကမ်ဘူးချားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ကံ |

| | |
|---|---|
| ဒိန်းမတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ |
| အီကွေဒေါ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| အီဂျစ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| အယ် (လ်)ဆာဗေးဒေါ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ပြင်သစ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂျာမနီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂရိနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဟန်ဂေရီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အိန္ဒိယနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အင်ဒိုနီးရှားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် |
| အီရန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အီရတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အိုင်ယာလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အီတလီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂျပန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂျော်ဒန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် |
| ဘက်ဘာရှန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် |
| လစ်ဗျားအာရပ်ဂျမာဟီရိယာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၂၅ ရက် |
| လူဇင်ဘတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| မက္ကစီကိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| မော်နာကိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |
| နီကာရာဂွာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နော်ဝေနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နယူးဇီလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နယ်သာလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် |
| ဖိလစ်ပိုင်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ပိုလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ပေါ်တူဂီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ရိုမာနီယာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဆမ်မာရီနိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| စပိန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |

| | |
|---|---|
| ဆားရိုးယားအာရပ်သမ္မတနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ယူနိုက်တက်ကင်းဒမ်း | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| အမေရိကန်ပြည်ထောင်စု | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဥရုဂွေးနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ယူဂိုဆလားဗီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |

**ကွန်ဗင်းရှင်းအတည်ဖြစ်သည့်ရက်စွဲ**

အပိုဒ် ( ၃၃ ) နှင့်အညီ ၁၉၅၆ ခုနှစ်၊ ဩဂုတ် (၇) ရက်

**အခိုင်အမာယူဆရမည့်စာသားများ**

အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာ

**ကုလသမဂ္ဂတွင် မှတ်တမ်းရေးသွင်းခြင်း**

အမှတ် (၃၅၁၁) ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ( ၄ ) ရက်

# လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသောအခါတွင် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ခြင်းအတွက် ဟိဂ်ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ သဘောတူစာချုပ် ၁၉၅၄ ခုနှစ်

ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများသည် အောက်ပါအတိုင်း သဘောတူညီကြပါသည် -

(၁) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများအားလုံးသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ၎င်းသိမ်းပိုက်ထားသော ပိုင်နက်နယ်မြေအတွင်းမှ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ ) ရက်နေ့တွင် ဟေ့ဂ်မြို့၌ လက်မှတ်ရေးထိုးကြသော လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအတွက် ကွန်ဗင်းရှင်း အပိုဒ် ( ၁ )တွင် အဓိပ္ပါယ်သတ်မှတ်ဖော်ပြထားသည့် ယဉ်ကျေးမှုပစ္စည်းကို နယ်မြေပြင်ပသို့ ပို့ဆောင်ခြင်းအား တားဆီးကာကွယ်ရန် တာဝန်ယူပါသည်။

(၂) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံစီသည် သိမ်းပိုက်ထားသော နယ်မြေဒေသမည်သည့် နယ်မြေဒေသမှာမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မိမိပိုင်နယ်မြေဒေသအတွင်းသို့ တင်သွင်းလာသော ယဉ်ကျေးမှုပစ္စည်းကို ထိန်းသိမ်းထားရှိရန် တာဝန်ယူသည်။ ယင်းသို့ထိန်းသိမ်းထားရှိခြင်းကို ယဉ်ကျေးမှုပစ္စည်းအား တင်သွင်းလာချိန်၌ အလိုအလျောက် ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းသို့မဆောင်ရွက်နိုင်ပါက သက်ဆိုင်ရာ ပိုင်နက်နယ်မြေအာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ဆောင်ရွက်ရန်ဖြစ်သည်။

(၃) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံစီသည် တိုက်ခိုက်မှုများ ပြီးဆုံးသောအခါတွင် ယခင်ကသိမ်းပိုက်ထားသော ပိုင်နက်နယ်မြေ၏ လုပ်ပိုင်ခွင့်ရှိသည့် အာဏာပိုင်များထံသို့ မိမိ၏ ပိုင်နက်နယ်မြေအတွင်းတွင်ရှိနေသော ယဉ်ကျေးမှုပစ္စည်းကို ပြန်လည်ပေးပို့ရန် တာဝန်ယူရမည်။ ယင်းသို့သော ပိုင်ဆိုင်ပစ္စည်းကို ပထမစာပိုဒ်တွင် ချမှတ်ထားသည့် မူများအား ချိုးဖောက်၍ တင်ပို့ခဲ့ခြင်းဖြစ်ပါက ပြန်လည်ပေးပို့ရန်ဖြစ်သည်။ ယင်းသို့သောယဉ်ကျေးမှုပစ္စည်းကို စစ်လျော်ကြေးအဖြစ် ဆက်လက်သိမ်းဆည်းထားခြင်းမပြုရပါ။

(၄) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးသည် မိမိသိမ်းပိုက်ထားသော ပိုင်နက်နယ်မြေမှ ယဉ်ကျေးမှုပစ္စည်းကို အခြားပြင်ပသို့ တင်ပို့ခြင်းအား တားဆီးကာကွယ်ရန် တာဝန်ရှိပါက ယခင်စာပိုဒ်နှင့်အညီ ပြန်လည်ပေးပို့သော ယဉ်ကျေးမှုပစ္စည်းများကို မရိုးမဖြောင့်မဟုတ်ဘဲ လက်ဝယ်ပိုင်ဆိုင်ထားရှိသူများထံသို့ လျော်ကြေးပေးအပ်ရမည်။

(၅) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေမှ ရွှေ့ပြောင်းလာပြီး ယင်းနိုင်ငံကြီးက အခြားသောကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေတွင် ထားရှိသော ယဉ်ကျေးမှုပစ္စည်းသည် လက်နက်ကိုင်ပဋိပက္ခ အန္တရာယ်မှ ကာကွယ်ရန်အတွက် ယင်းသို့ထားရှိခြင်းဖြစ်ပါက အခြားနိုင်ငံကြီးက တိုက်ခိုက်မှုများ ပြီးဆုံးသောအခါတွင် မူလပိုင်နက်နယ်မြေ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံသို့ ပြန်လည်ပေးပို့ရမည်။

(၆) ယခုနောက်ဆက်တွဲစာချုပ်သည် ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့ ရက်စွဲဖြင့် ရေးထိုး ရန်ဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ )ရက်နေ့အထိ ဟေ့ဂ်မြို့တွင် ၁၉၅၄ ခုနှစ်၊ ဧပြီလ ( ၂၁ )ရက်နေ့မှ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့ အထိ အစည်းအဝေးတွေ့ဆုံ စည်းဝေးခဲ့သော နီးနှောဖလှယ်ပွဲသို့ ဖိတ်ကြားခြင်းခံခဲ့ရသည့် နိုင်ငံအားလုံးက လက်မှတ်ရေးထိုးရန်အတွက် ဖွင့်လှစ်ထားရှိရမည်။

(၇) (က) ယခုနောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးသော နိုင်ငံများက မိမိတို့၏ အသီးသီး အကြံပေးဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုနိုင်သည်။

(ခ) အတည်ပြုသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံထားရှိရမည်။

(၈) ယခုနောက်ဆက်တွဲစာချုပ်သည် အတည်ဖြစ်သည့်ရက်စွဲမှ အစပြု၍ စာပိုဒ် (၆) တွင် ဖော်ပြထားသော နိုင်ငံများအားလုံးအနက် လက်မှတ်မရေးထိုးရသေးသော နိုင်ငံများသာမက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ အမှုဆောင်ဘုတ်အဖွဲ့က ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပါရန် ဖိတ်ကြားချက်နှင့် အခြားမည်သည့်နိုင်ငံမဆို အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန်အတွက် ဖွင့်လှစ်ထားရှိရမည်။ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အဖွဲ့ဝင်အဖြစ် ပါဝင်ကြောင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများ အပ်နှံခြင်းအားဖြင့် ဆောင်ရွက်ရမည်။

(၉) စာပိုဒ် ( ၆ )နှင့် ( ၈ )တွင် ရည်ညွှန်းဖော်ပြထားသော နိုင်ငံများသည် လက်မှတ်ရေးထိုးချိန်၊ အတည်ပြုချိန် (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်ချိန်တွင် မိမိတို့သည် အပိုင်း ( ၁ )သတ်မှတ်ချက်များ (သို့မဟုတ်) ယခုလက်ရှိ နောက်ဆက်တွဲစာချုပ်

၏ အပိုင်း ( ၁ )သတ်မှတ်ချက်များ (သို့မဟုတ်) အပိုင်း ( ၂ )သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မည်မဟုတ်ကြောင်း ကြေညာနိုင်သည်။

(၁၀) (က) ယခုနောက်ဆက်တွဲစာချုပ်သည် အတည်ပြုကြောင်း စာရွက်စာတမ်း၊ စာချုပ် စာတမ်း ( ၅ )စောင် လာရောက်အပ်နှံပြီးနောက် ( ၃ )လအကြာတွင် အတည်ဖြစ်စေရမည်။

(ခ) ထို့မှ နောက်ပိုင်းတွင် ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံစီအတွက် အတည်ပြုကြောင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်ကြောင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများ အပ်နှံပြီးနောက် ( ၃ )လအကြာတွင် အတည်ဖြစ်စေရမည်။

(ဂ) ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့တွင် ဟေ့ဂ်မြို့တွင် လက်မှတ်ရေးထိုးသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုပစ္စည်းကာကွယ်စောင့်ရှောက်ရေးအတွက် ကွန်ဗင်းရှင်း အပိုဒ် ( ၁၈ )နှင့် (၁၉) တွင် ဖော်ပြထားသော အခြေအနေများ ဖြစ်ပေါ်လာပါက တိုက်ခိုက်မှုများ (သို့မဟုတ်) သိမ်းပိုက်မှု မစတင်မီ (သို့မဟုတ်) စတင်ပြီးနောက် ပဋိပက္ခမှုတွင် ပါဝင်သော နိုင်ငံများက အတည်ပြုခြင်းများနှင့် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းများ၊ အပ်နှံထားခြင်းများသည် ချက်ချင်းအသက်ဝင်စေရမည်။ ယင်းသို့သော ဖြစ်ရပ်များတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် စာပိုဒ် ( ၁၄ )တွင် ရည်ညွှန်းဖော်ပြထားသော ဆက်သွယ်ပြောဆိုမှုများကို အလျင်မြန်ဆုံးနည်းလမ်းဖြင့် ပေးပို့ရမည်။

(၁၁) (က) နောက်ဆက်တွဲသဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံစီသည် အတည်ဖြစ်သည့်ရက်စွဲ၌ ယင်းသို့အတည်ဖြစ်ပြီးနောက် ( ၆ )လတာကာလအတွင်းတွင် နောက်ဆက်တွဲသဘောတူစာချုပ်ကို ထိရောက်စွာလက်တွေ့ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သော အစီအမံများအားလုံးကို ဆောင်ရွက်ရမည်။

(ခ) ဤအချိန်ကာလသည် နောက်ဆက်တွဲသဘောတူစာချုပ် အတည်ပြုပြီးရက်စွဲနောက်ပိုင်းတွင် အတည်ပြုခြင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်သည့် စာချုပ်စာတမ်းကို အပ်နှံသော မည်သည့်နိုင်ငံမဆိုအတွက် အတည်ပြုခြင်း

(သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်း အပ်နှံသည့်ရက်စွဲမှ ( ၆ )လအတွင်း ဖြစ်စေရမည်။

(၁၂) ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော နိုင်ငံကြီး မည်သည့်နိုင်ငံမဆို အတည်ပြုသည့် အချိန်တွင်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်သည့်အချိန်တွင်လည်းကောင်း (သို့မဟုတ်) ထို့နောက် မည်သည့်အချိန်တွင်မဆိုဖြစ်စေ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ အသိပေးအကြောင်းကြားစာ လိပ်မူရေးသားလျက် လက်ရှိနောက်ဆက်တွဲသဘောတူစာချုပ်သည် မိမိနိုင်ငံ တကာ ဆက်ဆံရေးအတွက် တာဝန်ယူရသော ပိုင်နက်နယ်မြေအားလုံး (သို့မဟုတ်) မည်သည့်နယ်မြေအတွက်မဆို တိုးချဲ့၍ တက်ရောက်ပြင်ဆင်မည်ဖြစ်ကြောင်း ကြေညာနိုင်သည်။ ယင်းသို့ အသိပေးအကြောင်းကြားစာသည် လက်ခံရရှိသည့် ရက်စွဲပြီးနောက် ( ၃ )လအကြာတွင် အတည်ဖြစ်စေရမည်။

(၁၃) (က) ကွန်ဗင်းရှင်းဝင်နိုင်ငံကြီး တစ်နိုင်ငံစီသည် ယခုနောက်ဆက်တွဲ သဘောတူစာချုပ်ကို မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ မိမိကလည်း နိုင်ငံတကာဆက်ဆံရေးအတွက် တာဝန်ယူရသော မည်သည့်ပိုင်နက်နယ်မြေကိုယ်စား အတွက်ဖြစ်စေ ပြစ်တင်ရှုတ်ချနိုင်သည်။

(ခ) ပြစ်တင်ရှုတ်ချချက်ကို စာဖြင့် စာရွက်စာတမ်း စာချုပ်ဖြင့် ရေးသားပြီး ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံရမည်။

(ဂ) ပြစ်တင်ရှုတ်ချကြောင်း စာရွက်စာတမ်း စာချုပ်လက်ခံရရှိပြီးနောက် ( ၁ ) နှစ်အကြာတွင် အတည်ဖြစ်စေရမည်။ သို့ရာတွင် ဤကာလကုန်ဆုံးပြီးနောက် ပြစ်တင်ရှုတ်ချသောနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေပါက ပြစ်တင်ရှုတ်ချခြင်းမှာ တိုက်ခိုက်မှုပြီးဆုံးသည့်အချိန်အထိ အတည်မဖြစ်စေရမပါ (သို့မဟုတ်) ယဉ်ကျေးမှုပစ္စည်းများ မူရင်းနိုင်ငံသို့ ပြန်လည်ပေးပို့ခြင်းလုပ်ငန်း ပြီးစီးသည့်အချိန်အထိ အတည်မဖြစ်စေပါ။ ယင်းသို့ ( ၂ )ရပ်အနက် နောက်ကျသော လုပ်ငန်းပြီးစီးသည့်အချိန်အထိ အတည်မဖြစ်စေရပါ။

(၁၄) ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် စာပိုဒ် ( ၆ )နှင့် ( ၈ )တို့တွင် ရည်ညွှန်းဖော်ပြထားသော နိုင်ငံများအားလည်းကောင်း၊

ကုလသမဂ္ဂအားလည်းကောင်း၊ စာပိုဒ် ( ၇ ) ( ၈ )နှင့် ( ၁၅ )တို့တွင် သတ်မှတ်ဖော်ပြထားသည့် အတည်ပြုခြင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊ လက်ခံခြင်း စာရွက်စာတမ်းများအားလုံးကို အပ်နှံကြောင်းနှင့် စာပိုဒ် ( ၁၂ )နှင့် ( ၁၃ )တို့တွင် အသီးသီး သတ်မှတ်ဖော်ပြထားသော အသိပေးအကြောင်းကြားခြင်းများနှင့် ပြစ်တင်ရှုတ်ချခြင်းများကိုလည်းကောင်း အသိပေး အကြောင်းကြားရမည်။

(၁၅) (က) ယခုနောက်ဆက်တွဲ သဘောတူစာချုပ်ကို ကွန်ဗင်းရှင်းတွင် ပါဝင်သော နိုင်ငံကြီးများအနက် ( ၃ )ပုံ ( ၁ )ပုံကျော်က ပြန်လည်ပြင်ဆင်ရန် မေတ္တာရပ်ခံလာလျှင် ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် ဤရည်ရွယ်ချက်အတွက် နီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပရမည်။

(ဂ) ယခုနောက်ဆက်တွဲစာချုပ်ကို ပြင်ဆင်ချက်များသည် နီးနှောဖလှယ်ပွဲတွင် ကိုယ်စားပြုတစ်ယောက်သာ ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးက အားလုံးသဘောတူ အတည်ပြုပြီး ကွန်ဗင်းရှင်းဝင် နိုင်ငံကြီး တစ်နိုင်ငံစီက လက်ခံမှသာလျှင် အတည်ဖြစ်စေရမည်။

(ဃ) ယခုနောက်ဆက်တွဲ သဘောတူစာချုပ်ကို ပြင်ဆင်ခြင်းများအား ကွန်ဗင်းရှင်းဝင်နိုင်ငံကြီးများက လက်ခံခြင်းသည် စာပိုဒ်ခွဲ ( ခ )နှင့် ( ဂ )တို့တွင် ဖော်ပြထားသည့် နီးနှောဖလှယ်ပွဲက အတည်ပြုပြီးဖြစ်ပါက ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ တရားဝင် စာချုပ်စာတမ်း အပ်နှံခြင်းအားဖြင့် လက်ခံပြီးဖြစ်စေရမည်။

(င) ယခုနောက်ဆက်တွဲ သဘောတူစာချုပ်ကို ပြင်ဆင်ချက်များ အတည်ဖြစ်ပြီးနောက် ယင်းသို့ပြင်ဆင်ပြီးသော အဆိုပါ နောက်ဆက်တွဲသဘောတူစာချုပ်စာတမ်းများသာလျှင် အတည်ပြုခြင်း (သို့မဟုတ်) အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းအတွက် ဖွင့်လှစ်ထားရှိစေရမည်။

ကုလသမဂ္ဂပဋိညာဉ် အပိုဒ် ( ၁၀၂ )နှင့်အညီ ယခုနောက်ဆက်တွဲ သဘောတူစာချုပ်ကို ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂအတွင်းရေးမှူး အဖွဲ့ထံတွင် မှတ်တမ်းတင် ထားရှိရမည်။

အထက်ဖော်ပြပါ အချက်များကို ယုံကြည်လျက် အောက်ဖော်ပြပါ လက်မှတ်ရေးထိုးသူများသည် အမှန်တကယ် အခွင့်အာဏာရရှိလျက် ယခုနောက်ဆက်တွဲသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး ဖြစ်ပါသည်။ ၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့ ဟော့ဂ်မြို့တွင် အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာတို့ဖြင့် ရေးသားပြီး ယင်းဘာသာစကား လေးရပ်စလုံးမှာ ညီတူညီမျှ ခိုင်မာမှုရှိလျက် မူရင်းတစ်စုံစီကို ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ မော်ကွန်းတိုက်များတွင် အပ်နှံထားရှိပြီး ယင်းတို့၏ မိတ္တူမှန်များကို စာပိုဒ် ( ၆ ) နှင့် ( ၈ )တို့တွင် ရည်ညွှန်းဖော်ပြထားသော နိုင်ငံများအားလုံးသို့လည်းကောင်း ကုလသမဂ္ဂသို့လည်းကောင်း ပေးပို့ပြီး ဖြစ်စေရမည်။

**လက်ခံသောအဖွဲ့အစည်း**

ယူနက်စကို

**လက်မှတ်ရေးထိုးရန် ဖွင့်လှစ်သည့်ကာလ**

၁၉၅၄ ခုနှစ်၊ မေလ ( ၁၄ )ရက်နေ့မှ ဒီဇင်ဘာလ ( ၃၁ )ရက်နေ့

ဤနောက်ဆက်တွဲ သဘောတူစာချုပ်ကို အောက်ဖော်ပြပါ နိုင်ငံများက သဘောတူလက်မှတ်ရေးထိုးကြပါသည် -

| | |
|---|---|
| ဩစတြေးလျနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| ဘယ်(လ်)ဂျီယံနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဘရာဇီးနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| ဘားမား (မြန်မာ) နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် |
| ဘိုင်လိုရုရှဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| တရုတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ကျူးဘားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ချက်ကိုစလိုဘက်ကီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ရက် |
| ကမ်ဘူးချားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| ဒိန်းမတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် |
| အီကွေဒေါ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |

| | |
|---|---|
| အီဂျစ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အယ် (လ်)ဆာဗေးဒေါ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ပြင်သစ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂျာမနီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဂရိနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် |
| အိန္ဒိယနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အင်ဒိုနီးရှားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အီရန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| အီရတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် |
| အီတလီနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် |
| ဂျပန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၂၅ ရက် |
| ဂျော်ဒန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| လက်ဘနွန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| လစ်ဗျားအာရပ်ဂျမာဟီရိယာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် |
| လူဇင်ဘတ်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| မက္ကစီကိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| မော်နာကိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နီကာရာဂွာနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နော်ဝေနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| နယ်သာလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဖိလစ်ပိုင်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ပိုလန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဆန်မာရီနိုနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| စပိန်နိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဆော်ဒီအာရေးဗီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ဥရုဂွေးနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |
| ယူဂိုဆလားဗီးယားနိုင်ငံ | ၁၉၅၄ ခုနှစ်၊ မေလ ၁၄ ရက် |

**အတည်ပြုသည့်နေ့စွဲ**

အပိုဒ် ( ၃၃ ) နှင့်အညီ ၁၉၅၆ ခုနှစ်၊ ဩဂုတ် (၇) ရက်

**သတ်မှတ်သည့်စာသားများ**

အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာ

**ကုလသမဂ္ဂ၌ မှတ်ပုံတင်ခြင်း**

အမှတ် (၃၅၁၁) ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ( ၄ ) ရက်